# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက် တနင်္လာနေ့။ Monday, 6 April 2026 ၁၂၁၄၄


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်ချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

## ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်ချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

## အခက်အခဲမျိုးစုံကြားမှ နိုင်ငံတော်ပြန်လည်တည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် သစ္စာရှိရှိ၊ ရိုးရိုးသားသား၊ တက်တက်ကြွကြွဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားဆောင်ရွက်ခဲ့ကြသည်ကို အသိအမှတ်ပြု

နေပြည်တော် ဧပြီ ၅

ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဥက္ကဋ္ဌရုံး သဘင်ဆောင်ခန်းမ၌ ကျင်းပပြုလုပ်ရာ ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင်များ ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် အဆင့်တူပုဂ္ဂိုလ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


**ယနေ့ ဖတ်စရာ**

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ် အကြီးအကဲနှင့် အစိုးရအဖွဲ့ ဥက္ကဋ္ဌ မစ္စတာ အလက်စီ ဆမ်ဘူယဲဗစ် စီဂျယ်နော့ဗ်ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့**


စာမျက်နှာ ၆


**ဥပဒေနှင့်အညီပေါ်ထွန်းလာသော နိုင်ငံတော်သမ္မတနှင့် စစ်မှန်သော ပြည်သူ့ကိုယ်စားလှယ်တို့၏ ဆန္ဒအမှန်**


ဆောင်းပါး စာမျက်နှာ ၉


**မင်္ဂလာမန္တလေးလမ်းလျှောက်သကြၤန်ကို ဇုန်များအလိုက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်**


စာမျက်နှာ ၁၁

ကြေးမုံ

# မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု အမျိုးသားရေးအသွင်ဆောင်ရှက်

မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုပြဿနာသည် မြန်မာနိုင်ငံအတွက်သာမက ဒေသတွင်းနိုင်ငံများအတွက်ပါ အလွန်အရေးကြီးသည့် ပတ်ဝန်းကျင်စိန်ခေါ်မှုပြဿနာဖြစ်သည်။ မီးခိုးမြူငွေ့ညစ်ညမ်းမှုသည် လေထုညစ်ညမ်းမှုပင်ဖြစ်သည်။ သက်ရှိလူသတ္တဝါများအားလုံးကို အန္တရာယ်ဖြစ်စေနိုင်သော မီးခိုးမြူငွေ့ သို့မဟုတ် လေထုညစ်ညမ်းမှုပြဿနာကို မြို့ပြဒေသများတွင်သာမက နိုင်ငံဖြတ်ကျော်နယ်စပ်ဒေသများတစ်လျှောက်တွင်ပါ လျှော့နည်းကင်းစင်သွားအောင် အမျိုးသားရေးအသွင်ဖြင့် အားလုံးပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

လေထုညစ်ညမ်းမှုပြဿနာကို လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံအလုပ်ရုံများမှ အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ပတ်ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးပတ်ဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ပတ်ဝန်းကျင်လေထု အရည်အသွေးရလဒ်များသည် မြို့ပြဒေသများတွင် အချိန်အခါအခြေအနေအလိုက် အမြဲဆိုသလို အတက်အကျ ဖြစ်ပေါ်လေ့ရှိသည်။ လေထုညစ်ညမ်းမှုအနည်းအများအလိုက် ပတ်ဝန်းကျင်ကို ထိခိုက်မှုဖြစ်စေနိုင်သည်။

မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုကို များသောအားဖြင့် နိုင်ငံဖြတ်ကျော်နယ်စပ်ဒေသများ၌ ဖြစ်ပေါ်လေ့ရှိသည်။ မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုသည် ရာသီဥတုပူပြင်းခြောက်သွေ့သည့်နှစ်များတွင် ပိုမိုဖြစ်ပေါ်တတ်သည်။ နှစ်စဉ်ဇန်နဝါရီလမှ မေလအတွင်း မီးခိုးမြူငွေ့ညစ်ညမ်းမှု နယ်စပ်ဒေသများ၌ ဖြစ်ပေါ်လေ့ရှိသည်။ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုသည် နယ်နိမိတ်ချင်းထိစပ်နေသည့်နိုင်ငံများအကြား မကြာခဏကြုံတွေ့လေ့ရှိသဖြင့် ပွင့်လင်းရာသီမရောက်မီနှင့် ပွင့်လင်းရာသီကာလများတွင် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု ထိန်းချုပ်လျှော့ချရေးလုပ်ငန်းစဉ်များကို အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်လျက်ရှိသည်။

နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ဖြစ်ပေါ်နိုင်သည့် အခြေအနေများနှင့်ပတ်သက်၍ စင်ကာပူနိုင်ငံအခြေစိုက် အာဆီယံမိုးလေဝသစောင့်ကြည့်လေ့လာရေးဗဟိုဌာနမှ ထုတ်ပြန်ချက်များအရ မြန်မာနိုင်ငံအပါအဝင် အာဆီယံမြောက်ပိုင်းဒေသဖြစ်သည့် မဲခေါင်ဒေသခွဲနိုင်ငံများတွင် ၂၀၂၆ ခုနှစ် မတ်လ ၂၇ ရက်နေ့မှစတင်၍ Fire Hotspot နှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှု သတိပေးချက်အဆင့်(၃)အခြေအနေသို့ စတင်ရောက်ရှိနေသည်ဟု အသိပေးထားသည်။ မဲခေါင်ဒေသတွင် ခြောက်သွေ့ရာသီဥတု ဆက်လက်ဖြစ်ပေါ်နေပြီး Fire Hotspot နှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှုအခြေအနေ ပိုမိုများပြားလာနိုင်ကြောင်းအသိပေးထားသည်။ ဂြိုဟ်တုမှစောင့်ကြည့်လေ့လာမှုအရ မတ်လ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် မဲခေါင်ဒေသအတွင်း Fire Hotspot များဖြစ်ပေါ်ခဲ့မှုကို မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံ နေရာအနှံ့အပြား၌ တွေ့ရှိခဲ့သည်ဟုဆိုသည်။

လာမည့်သီတင်းပတ်အတွင်း မဲခေါင်ဒေသခွဲ၏နေရာအများစုတွင် မိုးခေါင်သောအခြေအနေများရှိနေမည်ဟု ခန့်မှန်းထားပြီး Fire Hotspot များနှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှုမှာ ပိုမိုဆိုးရွားလာနိုင်ပြီး မဲခေါင်ဒေသအတွင်း နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ဖြစ်ပေါ်မှုအန္တရာယ် ပိုမိုမြင့်တက်လာနိုင်ကြောင်း ခန့်မှန်းထားသည်။ မြန်မာ၊ ထိုင်းနှင့် လာအိုနိုင်ငံတို့၏ နယ်နိမိတ်တစ်လျှောက်တွင် လက်ရှိဖြစ်ပေါ်နေသော နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုများကို ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၊ နှစ်နိုင်ငံပူးပေါင်းဖြေရှင်းရေးကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လုပ်ငန်းအဖွဲ့များဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိသည့်အပြင် မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့်စပ်လျဉ်း၍ ၂၀၂၅ ခုနှစ်အတွင်း မြေပြင်ကွင်းဆင်းစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အဓိကအားဖြင့် မီးလောင်မှုဖြစ်ပေါ်စေသည့် အကြောင်းရင်းများသည် တောမီးလောင်ကျွမ်းမှု၊ တောင်ယာခုတ်ထွင်ရှင်းလင်းရန်မီးရှို့မှုနှင့် လယ်ယာထွက်ကုန်ပစ္စည်းများ မီးရှို့မှုတို့ကြောင့်ဖြစ်ကြောင်းတွေ့ရသည်။ အဆိုပါဒေသများတွင် မီးလောင်ကျွမ်းမှု ထပ်မံမဖြစ်ပေါ်စေရေးအတွက် အလိုအလျောက် တောမီးလောင်ကျွမ်းခြင်းများကို သတိပြု ပူးပေါင်းကာကွယ်ဆောင်ရွက်ကြရန်၊ တောင်ယာမီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းများ မဖြစ်ပေါ်စေရေး ဒေသဆိုင်ရာအဖွဲ့အစည်းများက ကြိုတင်အသိပညာပေးဆောင်ရွက်ကြရမည်ဖြစ်ပြီး ယခုနှစ်အတွက် ရည်မှန်းထားသည့်အတိုင်း လျှော့ချနိုင်ရေးကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ လေထုညစ်ညမ်းမှု၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုသည် ပတ်ဝန်းကျင်ကို ကြီးမားစွာထိခိုက်နိုင်ရာ မြို့ပြဒေသနှင့် နယ်စပ်ဒေသများတွင် နေထိုင်ကြသော ပြည်သူများအနေဖြင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်စေသည့် လုပ်ဆောင်မှုများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုဖြစ်ပေါ်စေသည့် ဆောင်ရွက်မှုများကို အသိတရားဖြင့် လျှော့ချစေခြင်း၊ နိုင်ငံတော်နှင့်အတူပူးပေါင်းလက်တွဲ၍ အမျိုးသားရေးအသွင်ဖြင့် ပါဝင်ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ကြရမည်ဖြစ်ပါကြောင်း။ ။

## အကောက်ခွန်ဦးစီးဌာနက မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း လုပ်ငန်းများ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာချက်

- ➢ အကောက်ခွန်ဦးစီးဌာနသည် မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း အကောက်ခွန်လုပ်ငန်းများ လွယ်ကူလျင်မြန်စေရေး အလေးထားဆောင်ရွက်လျက်ရှိပါသည်။
- ➢ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် အပြည်ပြည်ဆိုင်ရာလေကြောင်းများမှတစ်ဆင့် တင်သွင်း/ တင်ပို့မည့် ကုန်ပစ္စည်းများအား မဟာသင်္ကြန်ရုံးပိတ်ရက်ဖြစ်သော (၁၁-၄-၂၀၂၆)၊ (၁၃-၄-၂၀၂၆)၊ (၁၄-၄-၂၀၂၆) နှင့် (၁၅-၄-၂၀၂၆) ရက်နေ့တို့တွင် ရုံးချိန်ပြည့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။
- ➢ ထို့ပြင် နိုင်ငံတော်လိုအပ်ချက်အရ အရေးတကြီးတင်သွင်းလာသောပစ္စည်းများ ထုတ်ယူနိုင်ရေးအတွက် ကြိုတင်လျှောက်ထားပါက တင်သွင်း/ တင်ပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။
- ➢ အချိန်ပို (Overtime) ဆောင်ရွက်လိုသော ကုမ္ပဏီများအနေဖြင့် တင်သွင်း/ တင်ပို့လိုသော ကုန်ပစ္စည်းများနှင့်ပတ်သက်၍ အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်ခွန်နှင့်ပတ်သက်သော Deposit ငွေလုံလောက်စွာထားရှိသွားရန်နှင့် အချိန်ပိုလုပ်ငန်းဆောင်ရွက်လိုမှုအား (၁၀-၄-၂၀၂၆) ရက်နေ့၊ (၁၄:၀၀) အချိန်ထက်နောက်မကျဘဲ အကောက်ခွန်ဦးစီးဌာနသို့ လျှောက်ထားရမည်ဖြစ်ပါသည်။
- ➢ Asia World ဆိပ်ကမ်းတွင် အကောက်ခွန်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မြန်မာနှစ်ဆန်း(၁)ရက်နေ့မှအပ ကျန်ရုံးပိတ်ရက်များတွင် ပို့ကုန်ကုန်သေတ္တာများ စစ်ဆေးတင်ပို့မှုအား အချိန်ပို (Overtime) ဆောင်ရွက်ပေးရန် လျှောက်ထားလာပါက အဆိုင်း(၃)ဆိုင်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။
- ➢ လက်ရှိလုပ်ငန်းဆောင်ရွက်လျက်ရှိသော နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် ကုန်သွယ်ရေးလမ်းကြောင်းပေါ်ရှိ မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးတို့တွင် သင်္ကြန်ကာလအတွင်း ပိတ်ရက်မရှိ လုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။
- ➢ ကုန်ပစ္စည်းများ တင်သွင်း/ တင်ပို့ရာတွင် အခက်အခဲများရှိပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်-

| | | |
|---|---|---|
| (က) | ညွှန်ကြားရေးမှူး (ထုတ်/သွင်း) | - ၀၉-၂၅၀၂၅၄၂၀၈ |
| (ခ) | ညွှန်ကြားရေးမှူး (ကာကွယ်ရေး) | - ၀၉-၅၀၆၆၅၆၉ |
| (ဂ) | ဒုတိယညွှန်ကြားရေးမှူး (ထုတ်ကုန်) | - ၀၉-၇၈၅၀၅၅၄၅၆ |
| (ဃ) | ဒုတိယညွှန်ကြားရေးမှူး (သွင်းကုန်) | - ၀၉-၇၈၅၄၁၄၄၃၃ |
| (င) | ဒုတိယညွှန်ကြားရေးမှူး (ကာကွယ်ရေး) | - ၀၉-၄၄၅၁၇၉၆၉၈ |
| (စ) | ဒုတိယညွှန်ကြားရေးမှူး (လေဆိပ်) | - ၀၉-၅၄၀၈၉၅၇ |

**အကောက်ခွန်ဦးစီးဌာန**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဧပြီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး\ဇလ**

## ၅-၄-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းမှူး** | - အေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ဦးစွာ ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အဆိုပါအချိန်က အစိုးရဖြစ်နေသည့် အနိုင်ရပါတီသည် မဲလိမ်မဲခိုးမှု၊ မသမာမှုများနှင့် နိုင်ငံတော်အာဏာကို အဓမ္မရယူရန် ကြိုးစားခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်ကို ယူခဲ့ရသည်မှာ အမှန်တရားဖြစ်ပြီး အားလုံးလည်း သိပြီးဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်ကို အရေးပေါ်ကာလ သတ်မှတ်ပြီး စိန်ခေါ်မှုမျိုးစုံနှင့် အခက်အခဲများကြားမှ နိုင်ငံတော်တာဝန်ကို ယူခဲ့ကြခြင်းဖြစ်ကြောင်း၊ ကမ္ဘာနှင့်တစ်ဝန်း ပျံ့နှံ့နေသည့် ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုးကြီးနှင့် စတင်ရင်ဆိုင်ခဲ့ရပြီး တစ်ဆက်တည်း၌ပင် အဖြစ်မှန်ကို မသိ၊ သိဖို့လည်းမကြိုးစား၊ အဖျက်အမှောင့်ပယောဂများကို အခြေခံသည့် ဆူပူအကြမ်းဖက်မှုများ တစ်နိုင်ငံလုံးတွင် ပျံ့နှံ့ ဖြစ်ပေါ်ခဲ့ကြောင်း၊ **“တောမီးလောင် တောကြောင်လက်ခမောင်းခတ်”** ဆိုသကဲ့သို့ မူလကတည်းက စိတ်သဘောထားမမှန်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း တချို့ကလည်း မီးလောင်ရာလေပင့် ဆူပူအကြမ်းဖက်မှုများကို အားပေးမြှင့်တင်ပြီး တိုက်ပွဲများ ဖော်ဆောင်လာခဲ့ခြင်းကြောင့် အစိုးရနှင့် ပြည်သူများ အားလုံး ဆင်းရဲဒုက္ခများစွာဖြင့် ခက်ခဲပင်ပန်း ကြမ်းတမ်းခဲ့ကြရကြောင်း။

တစ်ဆက်တည်း၌ပင် မိုခါမုန်တိုင်း၊ ရာဂီမုန်တိုင်းနှင့်အင်အားပြင်း မန္တလေးငလျင်ကြီးတို့၏ သဘာဝ ဘေးအန္တရာယ်ကို ဆက်တိုက်ဆိုသကဲ့သို့ ခံစားခဲ့ကြရကြောင်း၊ ထိုသို့ ဆူပူအကြမ်းဖက်မှုများနှင့် အင်အားကြီးမားသည့် သဘာဝ ဘေးအန္တရာယ်များကြောင့် ပြည်သူအများအပြား သေဆုံးဒဏ်ရာရ၊ ထိခိုက်ဆုံးရှုံးမှုများရှိသကဲ့သို့ ဖွံ့ဖြိုးတိုးတက်စပြုနေပြီဖြစ်သည့် အရှိန်အဟုန်များလည်း ရပ်တန့်သွားပြီး ရှိပြီးသား အခြေခံအဆောက်အအုံ အများအပြားသည်လည်း ပျက်စီးသွားခဲ့ကြောင်း။ **စာမျက်နှာ ၄ သို့** ☆



ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား ဂုဏ်ပြု အထိမ်းအမှတ်လက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောအား ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်အား ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသိန်းကိုကိုအား ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မိုးမြင့်အား ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။

☆ စာမျက်နှာ ၃ မှ

ထိုသို့ နိုင်ငံတော်အနေဖြင့် အခက်အခဲမျိုးစုံကို ရင်ဆိုင်နေရသကဲ့သို့ အဆိုပါ အခက်အခဲ အန္တရာယ်များကြောင့် နိုင်ငံ့စီးပွားရေးသည်လည်း ကျဆင်းလာခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေး ပြန်လည်ဦးမော့လာရန် အခြေခံများကို ခက်ခက်ခဲခဲ ကြိုးစားရုန်းကန်ဆောင်ရွက်ခဲ့ကြရကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် နိုင်ငံနှင့်ပြည်သူများအတွက် စွန့်လွှတ်စွန့်စားစွာ တာဝန်ထမ်းဆောင်ခဲ့ကြသူများ၊ နိုင်ငံတော်နှင့် ပြည်သူလူထုကို သစ္စာစောင့်သိပြီး တာဝန်ကျေခဲ့သည့်သူများ အများအပြားရှိခဲ့ကြသဖြင့် ယခုကဲ့သို့ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်စအခြေအနေကို ပြန်လည်ရောက်ရှိခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် ပူးပေါင်းပြီး စွန့်လွှတ်စွန့်စားစွာဖြင့် အန္တရာယ်ကိုမမှုဘဲ ရဲရဲဝံ့ဝံ့ဆောင်ရွက်ခဲ့ကြသူ အားလုံးကို ယခုနေရာမှ ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်းနှင့် ကျေးဇူးအထူးတင်ရှိသည်ကို ဂုဏ်ပြုစကား ပြောကြားလိုကြောင်း။

ထိုသို့ ဆောင်ရွက်ခဲ့ကြရာတွင် အစိုးရ၏ ဦးစီးဦးဆောင်မှုသည် အရေးကြီးသကဲ့သို့ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုသည်လည်း အဓိကကျကြောင်း၊ နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဒေသအလိုက်၊ ကဏ္ဍအလိုက် ချမှတ်ပေးထားသည့် ဦးတည်ချက်များ၊ ရည်မှန်းချက်များကိုအောင်မြင်အောင် ဆောင်ရွက်ရသည်မှာ လွယ်ကူသည့် အလုပ်မဟုတ်ကြောင်း၊ သာမန်အချိန်၌ပင် မလွယ်ကူသည့် တာဝန်များကို ယခုကဲ့သို့ အခက်အခဲမျိုးစုံကြားမှ

## ❖ နိုင်ငံတော်၊ အစိုးရနှင့်ပြည်သူလူထုကို သစ္စာစောင့်သိပြီး တာဝန်ကျေပွန်စွာဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများကို မိမိအနေဖြင့် လေးလေးစားစား အသိအမှတ်ပြု

လုပ်ဆောင်ရခြင်းသည် ပိုမိုခက်ခဲကြမ်းတမ်းပါကြောင်း၊ တော်ရုံတန်ရုံစိတ်ဓာတ်မျိုး၊ ဝတ်ကျေတန်းကျေ လုပ်ဆောင်မှုမျိုးဖြင့် အောင်မြင်မှုရမည် မဟုတ်ဘဲ လက်ရှိအခြေအနေကိုရောက်မလာနိုင်ကြောင်း။

အားလုံးသိသည့် အတိုင်းမည်သည့် လုပ်ငန်းတွင်မဆို ခေါင်းဆောင်မှုသည် အဓိကကျကြောင်း၊ ဦးစီးဦးဆောင် အကောင်အထည်ဖော်ကြရသည့် အကြီးအကဲများ၏ တာဝန်သည် အလွန်အရေးကြီးကြောင်း၊ မိမိတို့ တာဝန်ယူစဉ်ကာလတွင် ချမှတ်ခဲ့သည့် ဦးတည်ချက်များ၊ ရည်မှန်းချက်များ၊ အမျိုးသားရေးတာဝန်များကို မိမိနှင့်အတူ ယုံယုံကြည်ကြည်၊ ကြိုးစားပမ်းစား စိတ်ရင်းစေတနာကောင်းများဖြင့် အကောင်အထည်ဖော်ပေးကြသည့် မိမိ၏ လုပ်ဖော်ကိုင်ဖက်များဖြစ်သည့် ယခုတက်ရောက် လာကြသူများအားလုံးကို မိမိအစဉ်အမြဲ သတိရနေမည်ဖြစ်ကြောင်း၊ လေးလေးစားစားဖြင့်ဂုဏ်ယူပြီး အသိအမှတ်ပြု ကျေးဇူးတင်နေမည်ဖြစ်ကြောင်းကိုလည်း ပြောကြားလိုကြောင်း။

ခေါင်းဆောင်မှုသည် နေရာတိုင်း၌ အရေးကြီးသည်ကို မိမိပြောခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့ တာဝန်ယူခဲ့သည့် ငါးနှစ်တာကာလအတွင်း၌ အချို့အကြီးအကဲများနှင့် ခေါင်းဆောင်မှုတာဝန်ယူထားသူအချို့သည် တိုင်းပြည်နှင့် လူမျိုးအပေါ် တာဝန်ပျက်ကွက်ခြင်း၊ ပေါ့ဆမှုနှင့် လုပ်ဆောင်မှု လွဲမှားခြင်းများနှင့် လုပ်ထုံးလုပ်နည်းနှင့် မညီသည်များ အချို့ရှိခဲ့သည်ကို စိတ်မကောင်းစွာ ကြုံတွေ့ခဲ့ရကြောင်း၊ ထို့ကြောင့်လည်း အခက်အခဲကြားက နိုင်ငံကိုတည်ဆောက်ရာတွင် မဖြစ်သင့် မဖြစ်ထိုက်သည်များ မဖြစ်ရအောင် ထိန်းထိန်းသိမ်းသိမ်းဖြင့် မလွဲမရှောင်သာ ဆောင်ရွက်ရခြင်း၊ လက်တွဲဖြုတ်ခဲ့ရခြင်းများ ရှိခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ထိုသို့ လူပုဂ္ဂိုလ်များကြားမှ ယခုအခမ်းအနားကို တက်ရောက်ပေးကြသည့် ပုဂ္ဂိုလ်များသည် မိမိတို့ တာဝန်ယူခဲ့သည့် ငါးနှစ်တာကာလ အစအဆုံးတွင် ပေးအပ်သည့် တာဝန်များကို သစ္စာရှိရှိဖြင့် ကျေပွန်အောင် ကြိုးစားထမ်းဆောင်ခဲ့သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့်လည်း မကြာမီရက်ပိုင်းအတွင်း၌ နိုင်ငံတော်ကို ဒီမိုကရေစီစနစ်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဆောင်ရွက်မည့် အစိုးရသစ်ကို သင့်တင့်ကောင်းမွန်သည့် အခြေခံများဖြင့် လွှဲပြောင်းပေးနိုင်တော့မည် ဖြစ်ကြောင်း၊ ထိုသို့ **နိုင်ငံတော်၊ အစိုးရနှင့် ပြည်သူလူထုကို သစ္စာစောင့်သိပြီး တာဝန်ကျေပွန်စွာဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများကို မိမိအနေဖြင့် လေးလေးစားစား အသိအမှတ်ပြု** ကြောင်း။

စာမျက်နှာ ၅ သို့ »»

# နိုင်ငံတော်အတွက် ရေရှည် ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သဖြင့် အနာဂတ် မျိုးဆက်သစ်လူငယ်များ အတွေ့အကြုံ ရရှိစေရေးအတွက် လည်း ဆက်လက်မွေးထုတ်ပေးသွား ကြရမည်

»»» **စာမျက်နှာ ၄ မှ**

မိမိကိုယ်တိုင်လည်း ဦးစီး ဦးဆောင် အကြီးအကဲဖြစ်သဖြင့် ယခု ၅ နှစ်တာကာလ၏ အခက် အခဲများ၊ အန္တရာယ်များ၊ အကျပ် အတည်းများကို သိရှိပြီးဖြစ်သကဲ့ သို့ ကိုယ်ချင်းလည်းစာနာမိ ကြောင်း၊ ထိုအထဲမှ ကြိုးကြိုး စားစားဖြင့် သစ္စာရှိရှိ၊ တာဝန် ကျေကျေ၊ အပြစ်ကင်းကင်း ဆောင်ရွက်ခဲ့ကြသည် များကို လေးလေးစားစား အသိအမှတ်ပြု၊ မှတ်တမ်းတင်လိုသဖြင့် ယခု အခမ်းအနားကိုကျင်းပပြီး ဂုဏ်ပြု ခြင်းဖြစ်ကြောင်း။

**အသိအမှတ်ပြု**

အခက်အခဲမျိုးစုံကြားမှ နိုင်ငံ တော် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် သစ္စာရှိရှိ၊ ရိုးရိုးသားသား၊ တက်တက်ကြွကြွ ဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစား ဆောင်ရွက်ခဲ့ကြသည်ကို အသိအမှတ်ပြုကြောင်း၊ မိမိ၏ ဦးဆောင်မှုအောက်တွင် ယုံယုံ ကြည်ကြည်၊ ရဲရဲဝံ့ဝံ့၊ စွန့်လွှတ် စွန့်စားလုပ်ဆောင်ခဲ့ကြသည်များ ကို မှတ်တမ်းတင်ဂုဏ်ပြုကြောင်း၊ တာဝန် ထမ်းဆောင်စဉ်ကာလ တွင် ကိုယ်ကျိုးမဖက်၊ အတ္တ ကင်းကင်းဖြင့် နိုင်ငံနှင့်ပြည်သူ အကျိုးကို အမျိုးသားရေးစိတ်ဓာတ် အပြည့်ဖြင့် စည်းလုံးညီညွတ်စွာ ပူးပေါင်း ဆောင်ရွက်မှုများကို ကျေးဇူးတင်ကြောင်း၊ မိမိတို့ တစ်တွေသည် မြန်မာနိုင်ငံ၏ သမိုင်းတွင် နိုင်ငံ၏အန္တရာယ် ရန်စွယ်ကျမည့် အချိုးအကွေ့ တစ်ခုကို ပြည်ထောင်စုစိတ်ဓာတ် ဖြင့် ကာကွယ်စောင့်ရှောက်နိုင်ခဲ့ ပြီး နိုင်ငံကို မူလရည်မှန်းသည့် ဒီမိုကရေစီ လမ်းကြောင်းပေါ် ပြန်လည်တည့်မတ် လွှဲပြောင်း ပေးနိုင်ခဲ့သော သမိုင်းမော်ကွန်း တစ်ခုကို စိုက်ထူနိုင်ခဲ့သဖြင့် ဝမ်းသာအားရ ဖြစ်ရကြောင်း၊ ထို့ကြောင့် မိမိနှင့်အတူ ၅ နှစ်တာ ကာလလက်တွဲပြီး တာဝန်ကျေခဲ့ ကြသည့် ယခုအခမ်းအနားကို တက်ရောက် လာကြသူများ အားလုံးကို လေးလေးစားစား ဂုဏ်ယူစွာ မှတ်တမ်းတင်ဂုဏ်ပြု ပါကြောင်းနှင့် အနာဂတ်နိုင်ငံ တော်အတွက်လည်း ကျရာကဏ္ဍ မှ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင် ကြပါစေကြောင်း ဆန္ဒပြုပြောကြား လိုကြောင်း၊ **နိုင်ငံတော်အတွက် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်း ဖြစ်သဖြင့် အနာဂတ်မျိုးဆက်သစ် လူငယ်များ အတွေ့အကြုံရရှိ စေရေးအတွက်လည်း ဆက်လက် မွေးထုတ်ပေးသွားကြရမည်** ဖြစ် ကြောင်း ပြောကြားသည်။

ထို့နောက် ရွေးကောက် တင်မြှောက်ခြင်းခံရသော သမ္မတ ၏ ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင်များကို ချီးမြှင့် ပေးအပ်ရာ ဦးစွာ ရွေးကောက် တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင် ဥက္ကဋ္ဌ က ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော် ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင် အဖွဲ့ဝင် ဦးအောင်လင်းဒွေး၊ ကော်မရှင် အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စု ဝန်ကြီးများအား ဂုဏ်ပြုအထိမ်း အမှတ်လက်ဆောင်များ ပေးအပ် ချီးမြှင့်သည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် ကော်မရှင်ဒုတိယ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များအား ရွေးကောက် တင်မြှောက်ခြင်းခံရသော သမ္မတ ၏ ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင်များ ပေးအပ်ချီးမြှင့် သည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် ဦးအောင်လင်း ဒွေး၊ ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့က ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်တူ ပုဂ္ဂိုလ်များအား ရွေးကောက် တင်မြှောက်ခြင်းခံရသော သမ္မတ ၏ ဂုဏ်ပြုအထိမ်းအမှတ် လက်ဆောင်များကို ပေးအပ် ချီးမြှင့်သည်။

အခမ်းအနား အပြီးတွင် ရွေးကောက်တင်မြှောက်ခြင်း ခံရ သောသမ္မတ နိုင်ငံတော်လုံခြုံရေး နှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အခမ်းအနား တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးအား ရွေးကောက်တင်မြှောက်ခြင်း ခံရသောသမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ် ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးကိုကိုလွင်အား ရွေးကောက်တင်မြှောက်ခြင်း ခံရသောသမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ် ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်လင်းဒွေး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းအား ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်လင်းဒွေး ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့် အား ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၏ ဂုဏ်ပြုအထိမ်း အမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ၏ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ချီးမြှင့်ခြင်းအခမ်းအနားသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြစဉ်။

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲနှင့် အစိုးရအဖွဲ့ဥက္ကဋ္ဌ မစ္စတာ အလက်စီ ဆမ်ဘူယဲဗစ် စီဂျယ်နော့ဗ် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

နေပြည်တော် ဧပြီ ၅

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲနှင့် အစိုးရအဖွဲ့ဥက္ကဋ္ဌ မစ္စတာ အလက်စီ ဆမ်ဘူယဲဗစ် စီဂျယ်နော့ဗ် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။**

အူလန်အူဒဲမြို့၊ ၄-၄-၂၀၂၆

**သို့**

**အဆွေတော် မစ္စတာ မင်းအောင်လှိုင်**
**သမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နေပြည်တော်**

လေးစားအပ်ပါသောသမ္မတကြီးခင်ဗျား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတအဖြစ် အဆွေတော်ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ဘူရားတီးရားပြည်နယ် အစိုးရအဖွဲ့နှင့်အတူ မိမိအနေဖြင့် လှိုက်လှဲဝမ်းမြောက်စွာ ဂုဏ်ယူပါကြောင်း ဖော်ပြအပ်ပါသည်။

အဆွေတော်၏ ထူးချွန်ပြောင်မြောက်သော စီမံခန့်ခွဲမှုစွမ်းရည်၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏ အကျိုးစီးပွား၊ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် ကိုယ်ကျိုးမဖက်ဘဲ ကြိုးပမ်းအားထုတ်မှုများအပြင် ဗုဒ္ဓဘာသာနှင့် အခြားသောဘာသာတရား ထွန်းကားပြန့်ပွားရေးအတွက် ဆောင်ရွက်ချက်များသည် မြန်မာပြည်သူလူထု၏ မြင့်မားသော ယုံကြည်ကိုးစားမှုနှင့် ထောက်ခံမှုကို ရရှိစေခဲ့ခြင်းဖြစ်သည်ဟု မိမိအနေဖြင့် အခိုင်အမာယုံကြည်ပါသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တို့အကြား တည်ရှိပြီးသော ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို မိမိတို့အနေဖြင့် အစဉ်တစိုက် တန်ဖိုးထားလျက်ရှိပါသည်။ နေပြည်တော်နှင့် အူလန်အူဒဲမြို့များ၌ ကျင်းပခဲ့သည့် မိမိတို့၏ တွေ့ဆုံဆွေးနွေးပွဲများအရ စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် သဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် မိမိတို့အတွက် အထူးအရေးပါသောကိစ္စရပ်ဖြစ်ပါသည်။ ဘူရားတီးရားပြည်နယ်တက္ကသိုလ်တွင် မြန်မာကျောင်းသားများ ပညာသင်ကြားနေခြင်းသည် မိမိတို့၏ အောင်မြင်သောပူးပေါင်းဆောင်ရွက်မှု၏ ထင်ရှားသောပြယုဂ်တစ်ခုပင် ဖြစ်ပါသည်။ နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည့် ကဏ္ဍစုံတွင် နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ရှေ့ဆက်ပိုမိုခိုင်မာလာစေရန် မျှော်လင့်ပါသည်။

အဆွေတော်အနေဖြင့် နိုင်ငံတော်၏ အမြင့်ဆုံးတာဝန်ကို ထမ်းဆောင်ရာတွင် ချမှတ်ထားသည့် ရည်မှန်းချက်များအားလုံးကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရန်၊ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာခြင်းနှင့် ခွန်အားများ ပိုင်ဆိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မိမိတို့၏ စုပေါင်းဆောင်ရွက်မှုများသည် ဘူရားတီးရားပြည်နယ်နှင့် မြန်မာနိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေမည်ဟု အပြည့်အဝယုံကြည်ပါသည်။

အဆွေတော်အား အစဉ်အမြဲလေးစားစွာဖြင့်။

**အေ.အက်စ်. စီဂျယ်နော့ဗ်**
**ဘူရားတီးရားပြည်နယ်အကြီးအကဲနှင့် အစိုးရအဖွဲ့ဥက္ကဋ္ဌ**

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် နီကာရာဂွါသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ ဂူစတာဗို ပေါရပ်စ်မှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

နေပြည်တော် ဧပြီ ၅

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် နီကာရာဂွါသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ ဂူစတာဗို ပေါရပ်စ်မှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။**

နီကာရာဂွါသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ နွေးထွေးစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဦးမင်းအောင်လှိုင်အား ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြလိုပါသည်။

ညီရင်းအစ်ကိုပမာဖြစ်သော မြန်မာပြည်သူများ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြီးမားသောတာဝန်ဝတ္တရားများကို အောင်မြင်စွာ ထမ်းဆောင်နိုင်ပါစေကြောင်း အဆွေတော်အား ဒါရီယို (Dario) နှင့် ဆန်ဒီနို (Sandino) မြေမှ မိမိတို့က ဆုမွန်ကောင်းပို့သအပ်ပါသည်။

အခါအခွင့်ကြုံခိုက် နီကာရာဂွါသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်အနေဖြင့် မိမိတို့ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုနှင့် အပြန်အလှန်နားလည်မှုတို့ကို ဆက်လက်ခိုင်မာအောင် ဆောင်ရွက်သွားမည့်ကတိကဝတ်ကို အတည်ပြုပါသည်။ ထို့ပြင် အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိကြောင်း ထပ်လောင်းပြောကြားအပ်ပါသည်။

ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်
**မာနာဂွါမြို့၊ နီကာရာဂွါနိုင်ငံ**

**အမျိုးသားလွှတ်တော်**
**ဥက္ကဋ္ဌ**

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Sihasak Phuangketkeow မှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

**သို့**

**အဆွေတော် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမ္မတ**
**နေပြည်တော်**

**ရက်စွဲ၊ ၃-၄-၂၀၂၆။**
**စာအမှတ်၊ ၁၃၀၃/၇၇၀**

**အဆွေတော် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**

၁။ အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည့်အတွက် ကျွန်ုပ်၏ လှိုက်လှဲစွာဂုဏ်ပြုကြောင်း သဝဏ်လွှာကို ပေးပို့ခွင့်ရခြင်းအား ဂုဏ်ယူဝမ်းမြောက်မိပါသည်။ အဆွေတော်၏ ကျွမ်းကျင်သော ဦးဆောင်မှုနှင့် နွေးထွေးသော ချစ်ကြည်ရင်းနှီးမှုတို့ဖြင့် ထိုင်း-မြန်မာ ဆက်ဆံရေးသည် နှစ်ဦးနှစ်ဖက်အကျိုးရှိမည့် ကဏ္ဍအားလုံးတွင် ဆက်လက်ဖွံ့ဖြိုးတိုးတက်နေမည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။

၂။ ကျွန်ုပ်အနေဖြင့် အဆွေတော်၏ သမ္မတရာထူးအပ်နှင်းပွဲအခမ်းအနားသို့ ကိုယ်တိုင်ကိုယ်ကျ တက်ရောက်ရန် အလွန်ပင်ဆန္ဒရှိခဲ့ပါသည်။ သို့သော်လည်း ၂၀၂၆ ခုနှစ်၊ ဧပြီလ ၉-၁၀ ရက်များတွင် ထိုင်းဘုရင်မင်းမြတ်အစိုးရမှ လွှတ်တော်သို့ တင်သွင်းမည့် မူဝါဒရေးရာတင်ပြချက်များရှိနေပြီး အစိုးရအဖွဲ့ဝင်အားလုံး တက်ရောက်ရန် လိုအပ်နေပါသဖြင့် အဆွေတော်၏ အခမ်းအနားသို့ ဆန္ဒရှိသည့်အတိုင်း မတက်ရောက်နိုင်တော့သည်ကို လွန်စွာစိတ်မကောင်း ဖြစ်မိပါသည်။ သို့ရာတွင် ကျွန်ုပ်သည် ဤသို့ မြန်မာနိုင်ငံအတွက် မင်္ဂလာရှိသော ထူးမြတ်သည့်အခါသမယတွင် ထိုင်းနိုင်ငံကိုယ်စား တက်ရောက်ရန်နှင့် အဆွေတော်ထံသို့ ကျွန်ုပ်၏ ဆုမွန်ကောင်းများနှင့် ဂုဏ်ပြုစကားများကို ကိုယ်တိုင်ကိုယ်ကျ ပြောကြားပေးရန်အတွက် ထိုင်းနိုင်ငံ၏ ထင်ရှားသော ဒုတိယဝန်ကြီးချုပ်ဟောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်းဖြစ်သူ H.E. Dr. Parnpree Bahiddha-Nukara ကို လွှဲအပ်တာဝန်ပေးလိုက်ပါသည်။

၃။ ကျွန်ုပ်တို့၏ နှစ်နိုင်ငံဆက်ဆံရေး အနာဂတ်အတွက် အကောင်းမြင် မျှော်လင့်ထားပြီး ထိုင်း- မြန်မာ ဆက်ဆံရေး၏ အခန်းကဏ္ဍသစ်ကို ဖော်ဆောင်နိုင်ရန်အတွက် မြန်မာအစိုးရသစ်နှင့် နီးကပ်စွာ ဆက်လက်လုပ်ဆောင်သွားရန် အလွန်မျှော်လင့်နေပါသည်။ ထိုင်းနိုင်ငံသည် သူငယ်ချင်းကောင်းနှင့် မိတ်ဖက်ကောင်းအဖြစ် ရပ်တည်လျက်ရှိပြီး ငြိမ်းချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာတွင် မြန်မာအစိုးရသစ်၏ ကြိုးပမ်းမှုများကို ကူညီပံ့ပိုးပေးရန် အသင့်ရှိနေပါသည်။ နေပြည်တော်၌ အဆွေတော်အား ဂါရဝပြုတွေ့ဆုံရန်နှင့် ကျွန်ုပ်တို့၏ ဆွေးနွေးမှုများကို မကြာမီ ဆက်လက်ဆောင်ရွက်သွားနိုင်ရန်လည်း မျှော်လင့်ပါသည်။

၄။ အဆွေတော်အပေါ် ထားရှိသည့် ကျွန်ုပ်၏ အထူးလေးစားမှုကို လက်ခံရယူပါရန် အလေးအနက် တောင်းဆိုအပ်ပါသည်။

**Sihasak Phuangketkeow**
**ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး**
**ထိုင်းနိုင်ငံ**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် ပါတီများ၊ အသင်း/အဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်

**နေပြည်တော် ဧပြီ ၅**

၂၀၁၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့်အတွက် တရုတ်-မြန်မာ စီးပွားပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးမှုမြှင့်တင်ရေးအသင်း (CMECDPA)၊ မြန်မာ-ဂျပန်ချစ်ကြည်ရေး အသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင် ရေးအသင်း၊ မြန်မာ- ရုရှား ချစ်ကြည်ရေးအသင်း၊ မြန်မာ့ငြိမ်းချမ်းရေး နှင့် ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးအဖွဲ့ (MPPAA)၊ မြန်မာနိုင်ငံဆိုင်ရာ ဟူနန်ကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံဆိုင်ရာ စီချွမ်နှင့်ချုံချင့် ကုန်သည်ကြီးများအသင်းချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ကျန်းစု ကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံဆိုင်ရာ ရှန်ဒုန်ကုန်သည်ကြီး များအသင်း၊ မြန်မာနိုင်ငံဆိုင်ရာ ကျန်းရှီးကုန်သည်ကြီးများ အသင်းချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ဖုကျန့်ကုန်သည်ကြီးများအသင်းချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ကွမ်းတုန်းကုန်သည်ကြီးများအသင်း၊ မြန်မာနိုင်ငံ ဆိုင်ရာ(တရုတ်)ယူနန် ကုန်သည်ကြီးများအသင်း၊ ပြည်တွင်းလူငယ် များ မိတ်သဟာယအသင်းနှင့် အမျိုးသားဒီမိုကရေစီပါတီသစ်တို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့ကြ သည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်များတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက် ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မြန်မာ နိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေ၊ မြန်မာပြည်သူ၊ ပြည်သားများ၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေး တာဝန်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစွာဖြင့် ထမ်းဆောင်နိုင် ပါစေကြောင်း၊ သမ္မတကြီး၏ဦးဆောင်မှုဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာပြီး ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေ ကြောင်း၊ နိုင်ငံတော်သမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင် ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း စသည်ဖြင့် ပါရှိကြောင်း သိရသည်။

■

## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်ခံရသည့်အတွက် အထူး ဂုဏ်ယူဝမ်းမြောက်မိပါသည်။

သမ္မတကြီး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး နိုင်ငံ့တာဝန်များ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန် ကောင်း တောင်းအပ်ပါသည်။

**တရုတ်-မြန်မာစီးပွားပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးမှုမြှင့်တင်ရေး အသင်း (CMECDPA)**

## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ်ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် မြန်မာ-ရုရှား ချစ်ကြည်ရေး အသင်းမှ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် သမ္မတကြီး၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်း သာယာပြီး ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါသည်။

**မြန်မာ-ရုရှားချစ်ကြည်ရေးအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ်ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် "မြန်မာနိုင်ငံဆိုင်ရာစီချွမ်နှင့် ချုံချင့်ကုန်သည်ကြီးများအသင်းချုပ်"အနေဖြင့် အထူးပင်ဂုဏ်ယူ ဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာ ဖြင့် နိုင်ငံတော်၏တာဝန်ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံဆိုင်ရာစီချွမ်နှင့်ချုံချင့်ကုန်သည်ကြီးများအသင်းချုပ်**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာ ဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံဆိုင်ရာကျန်းရှီးကုန်သည်ကြီးများအသင်းချုပ်**

## ဂုဏ်ယူဝမ်းမြောက်ကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက် ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ရပါ သည်။

ဗိုလ်ချုပ်မှူးကြီး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ နှင့်ပြည့်စုံပါစေကြောင်းကိုလည်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာ ဝပြောပါစေကြောင်းကိုလည်း ဆန္ဒဆုမွန်ပြုလိုက်ပါသည်။

**မြန်မာ့ငြိမ်းချမ်းရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးအဖွဲ့ ( MPPAA )**

## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက် ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာ ဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံဆိုင်ရာကျန်းစုကုန်သည်ကြီးများအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စု လွှတ်တော်က ရွေးချယ်တင်မြှောက်ခြင်းအပေါ် "မြန်မာနိုင်ငံဆိုင်ရာ ဖုကျန့်ကုန်သည်ကြီးများအသင်းချုပ်"က အထူးဂုဏ်ယူဝမ်းမြောက် ပါကြောင်းနှင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**မြန်မာနိုင်ငံဆိုင်ရာဖုကျန့်ကုန်သည်ကြီးများအသင်းချုပ်**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့ခြင်းအပေါ် မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းမှ ဂုဏ်ယူဝမ်းမြောက် ကြိုဆိုပါကြောင်းနှင့် မြန်မာပြည်သူ၊ ပြည်သားများ၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ စွာဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေး အသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ်ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့ခြင်းအတွက် "မြန်မာနိုင်ငံဆိုင်ရာဟူနန် ကုန်သည်ကြီးများအသင်း" အနေဖြင့် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါ ကြောင်းနှင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါသည်။

**မြန်မာနိုင်ငံဆိုင်ရာဟူနန်ကုန်သည်ကြီးများအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ်ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့ခြင်းအတွက် "မြန်မာနိုင်ငံဆိုင်ရာရှန်ဒုန် ကုန်သည်ကြီးများအသင်း" အနေဖြင့် အထူးပင်ဂုဏ်ယူဝမ်းမြောက် ပါကြောင်းနှင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**မြန်မာနိုင်ငံဆိုင်ရာရှန်ဒုန်ကုန်သည်ကြီးများအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ်ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခြင်းအပေါ် "မြန်မာနိုင်ငံဆိုင်ရာကွမ်းတုန်း ကုန်သည်ကြီးများအသင်း"က အထူးဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်၏အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆတက် ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**မြန်မာနိုင်ငံဆိုင်ရာကွမ်းတုန်းကုန်သည်ကြီးများအသင်း**

စာမျက်နှာ ၈ သို့ ❖

❖ စာမျက်နှာ ၇ မှ

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုလွှတ်တော်မှ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် ကျွန်ုပ်တို့အသင်းသည် စစ်မှန်သောစိတ်ရင်းဖြင့် ဂုဏ်ပြုအပ်ပါသည်။

နိုင်ငံတော်သမ္မတကြီးအနေဖြင့် မြန်မာနိုင်ငံကို ဖွဲ့လုံ့လဖြင့် အုပ်ချုပ်နိုင်ခြင်း၊ ထူးကဲသောအမြော်အမြင်နှင့် လက်တွေ့ကျသောစိတ်ဓာတ်တို့ဖြင့် နိုင်ငံတော်၏ ရေရှည်တည်ငြိမ်အေးချမ်းမှု၊ စည်ပင်ဖွံ့ဖြိုးမှုနှင့် ပြည်သူတို့၏ အေးချမ်းသာယာမှုတို့ကို ဆောင်ကြဉ်းပေးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံဆိုင်ရာ(တရုတ်)ယူနန်ကုန်သည်ကြီးများအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**ပြည်တွင်းလူငယ်များမိတ်သဟာယအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

**ရက်စွဲ ၂၀၂၆ ခုနှစ်၊ ဧပြီလ (၄) ရက်**

၂၀၂၆ခုနှစ်၊ ဧပြီလ (၃) ရက်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တတိယအကြိမ် ပြည်ထောင်စုလွှတ်တော်မှ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ်လည်းကောင်း၊ ဦးညိုစောအား ဒုတိယသမ္မတ (၁)အဖြစ်လည်းကောင်း၊ ဒေါ်နန်းနီနီအေးအား ဒုတိယသမ္မတ (၂) အဖြစ် အသီးသီးရွေးချယ်တင်မြှောက်ပေးခဲ့သည့်အပေါ် အမျိုးသားဒီမိုကရေစီပါတီသစ်မှ အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

အမိမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း အမျိုးသားဒီမိုကရေစီပါတီသစ်မှ ဆန္ဒပြုအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**အမျိုးသားဒီမိုကရေစီပါတီသစ်**

# မြန်မာ-တရုတ် ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေး ဓာတ်ပုံပြိုင်ပွဲ ဆုပေးပွဲကျင်းပ




**ရန်ကုန် ဧပြီ ၅**

မြန်မာ အနုပညာနှင့်ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးအသင်းကကြီးမှူး၍ မြန်မာနိုင်ငံ ဓာတ်ပုံအသင်းနှင့်ပူးပေါင်းပြီး မြန်မာ-တရုတ် သံတမန်ဆက်ဆံရေးထူထောင်ခြင်း(၇၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော မြန်မာ-တရုတ်ယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေး ဓာတ်ပုံပြိုင်ပွဲ ဆုပေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မိုးကောင်းလမ်းရှိ မြဝတီမီဒီယာစင်တာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာအနုပညာနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးအသင်းနာယက ထပ်ဆင့်အကယ်ဒမီ ဒါရိုက်တာ ပန်းချီစိုးမိုးနှင့် မြန်မာနိုင်ငံဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မြန်မာ-တရုတ် ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေးဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရ ဦးစောအောင်သိန်းထွန်း၊ ဒုတိယဆုရ ရွှေအင်းသား ခင်မောင်ဝင်း၊ တတိယဆုရ မာဇဒါအောင်မြင့်နှင့် နှစ်သိမ့်ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ယင်းနောက် အသင်းမှတာဝန်ရှိသူများက မြန်မာ- တရုတ် နှစ်နိုင်ငံအကြား ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် Belt & Road Development Myanmar Corporation မှ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် မြန်မာနိုင်ငံအတွင်း လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတကာအသင်းအဖွဲ့များ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်း၊ ကုမ္ပဏီအုပ်စုအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာရေးထိုးခဲ့ကြကြောင်းသိရသည်။

**သတင်းစဉ်**



## ရေတာရှည်မြို့နယ်၌ စားအုန်းဆီများ ရောင်းချနေမှု ကွင်းဆင်းစစ်ဆေး

**ရေတာရှည် ဧပြီ ၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ ဆွာ၊ သာဂရ၊ ရေနီမြို့တို့ရှိ စားအုန်းဆီ လက်လီ/လက်ကား ကိုယ်စားလှယ်အရောင်းဆိုင်များ၌ သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် စားအုန်းဆီများ ရောင်းချနေမှုကို စားအုန်းဆီဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

စားသုံးသူရေးရာဦးစီးဌာန တောင်ငူခရိုင် ဦးစီးမှူး ဦးမျိုးအောင်က ဒေသတွင်းပြည်သူများအား သတ်မှတ်ထားသော ဈေးနှုန်းများ၊ အိမ်ထောင်စုအလိုက် စားအုန်းဆီဝယ်ယူခွင့်စာအုပ်များဖြင့် စနစ်တကျရောင်းချပေးမှု ရှိ/မရှိ၊ နေ့စဉ်ရောင်းချသည့်ဈေးနှုန်းများကိုလည်း ဗီနိုင်းများဖြင့် စနစ်တကျချိတ်ဆွဲရောင်းချပေးမှု ရှိ/မရှိတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ Oxygen plant ဖွင့်လှစ်ခြင်းနှင့် ဂုဏ်ပြုပွဲကျင်းပ



**ရန်ကုန် ဧပြီ ၅**

ရန်ကုန်တိုင်း ဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ဝိသာခါဖောင်ဒေးရှင်းမှ ဦးဆောင်၍ ရပ်ဟန်းရှင်လူ ပြည်သူအများ စုပေါင်းလှူဒါန်းသော ကျပ်သိန်း သုံးထောင်တန်ဖိုးရှိ Oxygen plant ဖွင့်လှစ်ခြင်းနှင့် ဂုဏ်ပြုပွဲ အခမ်းအနားကို ဧပြီ ၄ ရက် နံနက် ၁၀ နာရီက ပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည်။

ဦးစွာ ဝိသာခါဖောင်ဒေးရှင်း နာယက ဒေါက်တာ ဝင်းမင်းသစ်က အမှာစကားပြောကြားပြီး ဒေါက်တာ စုလှဟန်က Liquid Oxygen teit လှူဒါန်းရခြင်း အကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် အထူးကု ဆရာဝန်ကြီး(ဆေးပညာ) ဒေါက်တာ ရဲကျော်စိုးက ကျေးဇူးတင်စကားပြောကြားပြီး ဆေးရုံအုပ်ကြီး ဒေါက်တာ ခင်ရူပါစိုးက လှူဒါန်းသော ငွေကျပ် သိန်းသုံးထောင်တန်ဖိုးရှိ Oxygen plant ဂုဏ်ပြုမှတ်တမ်းလွှာကို ဝိသာခါဖောင်ဒေးရှင်း အလှူရှင်များအား ပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်သူ့ဆေးရုံရှိ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များ၊ သူနာပြု ဆရာဆရာမများ၊ ဝိသာခါဖောင်ဒေးရှင်းမှ အလှူရှင်များနှင့် တာဝန်ရှိသူများက Oxygen plant ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပခုက္ကူမြို့နယ်၌ မီးဘေးအန္တရာယ်ကင်းဝေးစေရေး အသိပညာပေးနှိုးဆော်



**ပခုက္ကူ ဧပြီ ၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်းရှိ ပြည်သူများ မီးဘေးအန္တရာယ် ကင်းဝေးစေရေးနှင့် သိရှိလိုက်နာ ဆောင်ရွက်နိုင်စေရေးတို့အတွက် ရည်ရွယ်၍ ယမန်နေ့ မွန်းလွဲပိုင်းက ကွင်းဆင်း အသိပညာပေးနှိုးဆော်ကြသည်။

ပခုက္ကူခရိုင်မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း၏ လမ်းညွှန်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္နမီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး ပြည်သူများ လိုက်နာဆောင်ရွက်ရမည့် ရှောင်ရန်/ ဆောင်ရန်အချက်များကို ပခုက္ကူမြို့ပေါ်ရပ်ကွက်များအတွင်း ကွင်းဆင်းလှည့်လည်ကာ အသိပညာပေးနှိုးဆော်ခဲ့ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# ဥပဒေနှင့်အညီပေါ်ထွန်းလာသော နိုင်ငံတော်သမ္မတနှင့် စစ်မှန်သောပြည်သူ့ကိုယ်စားလှယ်တို့၏ ဆန္ဒအမှန်

**ထူးမောင်**

ဧပြီလ ၃ ရက်မှာ ပြည်ပအခြေစိုက် သတင်းဌာနတစ်ခုဖြစ်တဲ့ CNA သတင်းဌာနက မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများနဲ့ ပတ်သက်ပြီး အရှိတရားကို မျက်ကွယ်ပြုကာ "မြန်မာစစ်ခေါင်းဆောင် ဦးမင်းအောင်လှိုင်အား စစ်တပ်လိုလားသော လွှတ်တော်က သမ္မတအဖြစ် ရွေးချယ်တင်မြှောက်" (Myanmar junta chief Min Aung Hlaing elected president by pro-military parliament)ဆိုတဲ့ ခေါင်းစဉ်နဲ့ "၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အရပ်သားအစိုးရထံမှ အာဏာသိမ်းယူခဲ့ကြောင်း၊ ၂၀၂၅ ရွေးကောက်ပွဲသည် အဓိကအတိုက်အခံအင်အားစုများပါဝင်ခွင့်မရဘဲ ကျင်းပခဲ့ခြင်းဖြစ်ပြီး နိုင်ငံတကာအသိုင်းအဝိုင်းကလည်း ထိုရွေးကောက်ပွဲကို "တရားမျှတမှုမရှိသောပြပွဲ"အဖြစ် ဝေဖန်ရှုတ်ချလျက်ရှိကြောင်း၊ အင်အားကြီးမားသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် စစ်တပ်မှခန့်အပ်ထားသော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းကာ ဦးမင်းအောင်လှိုင်ကို ထောက်ခံခဲ့ကြတာကြောင့် မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း" စသည်ဖြင့် မဟုတ်မမှန်ရေးသားဖော်ပြခဲ့တာကို တွေ့ရပါတယ်။


cna
Award-winning documentaries.
Extraordinary stories.
WATCH NOW

Myanmar junta chief Min Aung Hlaing elected president by pro-military parliament

Myanmar junta chief Min Aung Hlaing was elected president on Friday (Apr 3) after breezing through a parliamentary vote, formalising his grip on political power in the war-torn nation five years after he ousted an elected government in a coup.

His carefully choreographed journey from top general to civilian president follows a lopsided election in December and January that was won in a landslide by an army-backed party and derided by critics and Western governments as a sham to perpetuate military rule behind a veneer of democracy.

ဒါနဲ့ပတ်သက်ပြီး အများပြည်သူတွေ အမြင်မလွဲမှားစေဖို့ အနည်းငယ်ရှင်းပြချင်ပါတယ်။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ NLD ပါတီဟာ နိုင်ငံတော်အာဏာကို မတရားတဲ့နည်းနဲ့ အတင်းအဓမ္မရယူဖို့အတွက် မဲ ၁၁ သန်းကျော် ခိုးခဲ့တယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။ အဲဒီလို မဲခိုးခဲ့တာကြောင့် တပ်မတော်ကနေ အများကြီးစဉ်းစားတွေးတောပြီး သဘောထားကြီးစွာဖြင့် မဲစာရင်းမှားယွင်းမှုတွေကို ပွင့်လင်းမြင်သာစွာ စစ်ဆေးပေးဖို့၊ စစ်ဆေးတဲ့အခါ အစိုးရ၊ တပ်မတော်ညှိနှိုင်းပြီး သမာသမတ်ကျတဲ့ လူတွေပါတဲ့ ရွေးကောက်ပွဲကော်မရှင်အသစ်ဖွဲ့ပြီး စစ်ဆေးပေးဖို့၊ စစ်ဆေးနေချိန်ကာလအတွင်း တတိယအကြိမ် လွှတ်တော်ခေါ်ယူမှုကို သမ္မတရဲ့ အခွင့်အာဏာနဲ့ ဆိုင်းငံ့ပေးဖို့စတဲ့ အချက်တွေကို ဒေါ်စုနဲ့သွားတွေ့ပြီး ပြောခဲ့တယ်။ ဒါတွေကို NLD အစိုးရဘက်က ဘာတစ်ခုမှ လိုက်လျောမှုမရှိခဲ့တဲ့အတွက် ဘယ်လိုမှ ညှိနှိုင်းလို့မရတော့တဲ့ အခြေအနေမျိုးမှာ တပ်မတော်က နိုင်ငံတော်အာဏာကို မလွှဲမရှောင်သာ၍ အရေးပေါ်အခြေအနေနဲ့ ထိန်းသိမ်းခဲ့ရတာပဲဖြစ်ပါတယ်။

တပ်မတော်က နိုင်ငံတော်အာဏာကို ထိန်းခဲ့ပေမယ့်လည်း NLD ပါတီကို ဖျက်သိမ်းတာမျိုးမရှိခဲ့ပါဘူး။ နစက အစိုးရဖွဲ့စည်းပြီးချိန်မှာလည်း ပြည်သူတွေ လိုလားတောင့်တနေတဲ့ လွတ်လပ်ပြီးတရားမျှတတဲ့ ၂၀၂၅ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပနိုင်ဖို့ကိုလည်း နစကအစိုးရကနေ ပြန်လည်ဖွဲ့စည်းခဲ့တဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(UEC)က ပါတီစုံဒီမိုကရေစီစနစ်ကို ပုံဖော်လျှောက်လှမ်းတဲ့နေရာမှာ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ နိုင်ငံရေးပါတီများအားလုံး ပါဝင်ကြဖို့ တရားဝင်ဖိတ်ခေါ်ခဲ့ပါတယ်။ ဒ့ါအပြင် ရွေးကောက်ပွဲမကျင်းပခင် အကြိုကာလကတည်းက နိုင်ငံရေးပါတီတွေ အချိန်မီ မှတ်ပုံတင်ကြဖို့၊ နိုင်ငံရေးပါတီတွေ ဆောင်ရန်၊ ရှောင်ရန်၊ လုပ်ဆောင်ရန်တွေကို လိုက်နာကြဖို့ အကြိမ်ကြိမ်ထုတ်ပြန်ကြေညာခဲ့တယ်။ ဒါကို NLD ပါတီကြီးက ပူးပေါင်းလိုက်နာဆောင်ရွက်ခြင်းမပြုဘဲ ပါတီမှတ်ပုံတင်ခွင့်ဥပဒေအရ မှတ်ပုံမတင်ခဲ့လို့၊ လုပ်သင့်လုပ်ထိုက်တာတွေ မလုပ်ခဲ့လို့၊ သူတို့သဘောနဲ့သူတို့ ပါတီမှတ်ပုံမတင်ခဲ့တာကြောင့် ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခွင့်မရတော့ဘဲ နိုင်ငံရေးလောကကနေ NLD ပါတီ ပျောက်ကွယ်သွားခဲ့ရတာ ဖြစ်ပါတယ်။ ပြောရမယ်ဆိုရင် သူတို့ NLD ပါတီကိုယ်တိုင်က ပါတီကိုဖျက်ပစ်ခဲ့ကြတာပါ။

ပြီးတော့ ၂၀၂၅ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့အတွက် ပြည်တွင်းမှာကျန်ခဲ့တဲ့ NLD ပါတီဝင်တွေဟာ NLD ပါတီကို ဥပဒေကြောင်းအရ ပြန်လည်မှတ်ပုံတင်တာပဲဖြစ်ဖြစ်၊ ပါတီကို တခြားနာမည်တစ်ခုခုနဲ့ မှတ်ပုံတင်တာပဲဖြစ်ဖြစ် လုပ်ဆောင်ပြီး ရွေးကောက်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပါတယ်။ ဒါပေမဲ့ ပြည်တွင်းမှာ ကျန်ခဲ့တဲ့ NLD ပါတီဝင်တွေဟာ တိုင်းသိပြည်သိဖြစ်ခဲ့တဲ့ NLD ပါတီရဲ့ မဲလိမ်မဲခိုးခဲ့မှုတွေကြောင့် သူတို့ကိုယ်သူတို့ အရှက်ရပြီး ၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ ပါတီကို ပြန်လည်မှတ်ပုံမတင်ခဲ့ကြလို့သာ ရွေးကောက်ပွဲ ဝင်ရောက်မယှဉ်ပြိုင်နိုင်ခဲ့တာပဲ ဖြစ်ပါတယ်။

တပ်မတော်က နိုင်ငံတော်အာဏာကို ထိန်းသိမ်းပြီးနောက် ပြည်သူတွေ လိုလားတောင့်တနေတဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ ၂၀၂၅ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို အပိုင်း(၃)ပိုင်းခွဲပြီး Myanmar Electronic Voting Machine–MEVM မဲပေးစက်များဖြင့် အပိုင်းလိုက် ကျင်းပခဲ့ပါတယ်။ ကျင်းပပြီးစီးခဲ့ပြီဖြစ်တဲ့ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃)ပိုင်းလုံးမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဆန္ဒမဲပေးပိုင်ခွင့်ရှိတဲ့ မဲဆန္ဒရှင်စုစုပေါင်း ၂၄ ဒသမ ၂၂ သန်းရှိတဲ့အနက် မဲပေးသူ ၁၃ ဒသမ ၁၄ သန်းကျော် ရှိခဲ့ပြီး မဲပေးမှုရာခိုင်နှုန်းအနေဖြင့် ၅၄ ဒသမ ၂၂ ရာခိုင်နှုန်းကျော် ရှိခဲ့တယ်လို့သိရပါတယ်။ ဒီအရေအတွက်ဟာ အလွန်များပြားတဲ့ပမာဏ ဖြစ်တာကြောင့် အောင်မြင်တဲ့ရွေးကောက်ပွဲလို့ ဆိုရမှာပဲဖြစ်ပါတယ်။ ဘယ်လိုပဲပြောပြော ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဟာ ပြည်သူတွေရဲ့ဆန္ဒတွေနဲ့ တစ်ထပ်တည်းကျခဲ့တဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲ ဖြစ်ခဲ့သလို မဲဆန္ဒရှင်ပြည်သူတွေဟာလည်း စိတ်အားထက်သန်စွာ တက်တက်ကြွကြွနဲ့ သူတို့ကြိုက်တဲ့ပါတီ၊ သူတို့ကြိုက်တဲ့ ကိုယ်စားလှယ်လောင်းတွေကို သူတို့ရဲ့ဆန္ဒအတိုင်း လွတ်လွတ်လပ်လပ် ဆန္ဒမဲပေးခွင့်ရခဲ့ကြပါတယ်။

**❛ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပပြီးစီးချိန် လွှတ်တော်ခေါ်ပြီး သမ္မတရွေးချယ်တဲ့အခါမှာလည်း (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတကို ရွေးချယ်ရာမှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့သုံးခုမှ သမ္မတလောင်းများကို အသီးသီးအဆိုပြု တင်မြှောက်ရွေးချယ်ခဲ့ကြခြင်းဖြစ်ပါတယ်။ ပြည်ပသတင်းဌာနတစ်ခုဖြစ်တဲ့ CNA စွပ်စွဲသကဲ့သို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ်များနဲ့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းကာ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို မဲအပြတ်အသတ်ပေးခဲ့ခြင်းမဟုတ်ကြောင်း မဲရလဒ်များကိုကြည့်လျှင် သိသာ ❜**

၂၀၂၅ ရွေးကောက်ပွဲဟာ Free , Fair and Clean Election လို့ခေါ်ဆိုနိုင်တဲ့ လွတ်လပ်ပြီးတရားမျှတတဲ့ရွေးကောက်ပွဲ၊ သန့်ရှင်းတဲ့ ရွေးကောက်ပွဲဖြစ်တဲ့အပြင် မဲမသမာမှုကင်းမဲ့တဲ့ ရွေးကောက်ပွဲ၊ ပြည်သူတွေလိုလားတဲ့ ရွေးကောက်ပွဲအဖြစ် မှတ်ကျောက်တင် ဂုဏ်ယူနိုင်ခဲ့တာကို တွေ့ရပါတယ်။ ရွေးကောက်ပွဲအပိုင်း(၁) စတင်ကျင်းပခဲ့တဲ့နေ့ကနေ ရွေးကောက်ပွဲအပိုင်း(၃) ပြီးဆုံးသည်အထိ နိုင်ငံတကာမှ လာရောက်လေ့လာစောင့်ကြည့်ခဲ့ကြတဲ့ ရွေးကောက်ပွဲ

**❛ ဗိုလ်ချုပ်မှူးကြီးရရှိခဲ့တဲ့ ထောက်ခံမဲ ၄၂၉ မဲဆိုတာ ပြည်သူ့လွှတ်တော်အတွင်းရှိ ပါတီစုံမှကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များရဲ့ စုပေါင်းယုံကြည်မှုကြောင့်ပင်ဖြစ်ပါတယ်။ နိုင်ငံတော်ကို အကျပ်အတည်းများကြားမှ တည်ငြိမ်အောင်ထိန်းကျောင်းနိုင်ခဲ့သော၊ အခက်ခဲဆုံးအချိန်များမှာ ဦးဆောင်လမ်းပြခဲ့သော၊ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှာ အရည်အချင်းပြည့်ဝသော ခေါင်းဆောင်တစ်ဦးကို ကိုယ်စားလှယ်များက သူတို့ရဲ့လွတ်လပ်သောဆန္ဒဖြင့် မဲပေးရွေးချယ်တင်မြှောက်ခဲ့ကြခြင်းသာဖြစ်ပါတယ်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရတဲ့အပေါ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘယ်လာရုစ်သမ္မတနိုင်ငံစတဲ့ အိမ်နီးချင်းနိုင်ငံများနဲ့ မိတ်ဆွေနိုင်ငံများမှ ခေါင်းဆောင်များကလည်း ဝမ်းမြောက်ဂုဏ်ယူကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြသလို ပြည်တွင်းရှိ အသင်း/အဖွဲ့အစည်းပေါင်းစုံနဲ့ နိုင်ငံရေးပါတီများကလည်း ဝမ်းမြောက်ဂုဏ်ယူကြောင်း သဝဏ်လွှာများပေးပို့လျက်ရှိ ❜**

စာမျက်နှာ ၁၀ သို့ ✣

✣ စာမျက်နှာ ၉ မှ
လေ့လာစောင့်ကြည့်ရေးအဖွဲ့ အသီးသီးတို့ကလည်း ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ကောင်းမွန်တဲ့သဘောထားမှတ်ချက်တွေ ပေးခဲ့ကြတာကိုလည်း တွေ့ရပါတယ်။ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခဲ့တဲ့ ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် H.E.Mr. YICH Samethy က "စောင့်ကြည့်လေ့လာခဲ့တဲ့ ကာလအတွင်းမှာ ဘယ်လိုမသမာမှုမျိုးမှ မတွေ့ရကြောင်းနဲ့ အခုကျင်းပတဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်ဟာ ပြီးပြည့်စုံပြီးတော့ အားလုံးတာဝန်ခံမှုရှိတဲ့ လုပ်ငန်းစဉ်တစ်ခု ဖြစ်တယ်ဆိုတာကို တွေ့ရှိခဲ့ရကြောင်း" မှတ်ချက်ပြုပြောကြားခဲ့ပါတယ်။

အလားတူ တရုတ်နိုင်ငံကလည်း ရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာသူများ စေလွှတ်ခဲ့ကြောင်း၊ အောင်မြင်ပြီး လွတ်လပ်တရားမျှတတဲ့ သန့်ရှင်းတဲ့ ရွေးကောက်ပွဲဖြစ်ကြောင်း၊ ပြည်သူတွေ တက်တက်ကြွကြွ လာရောက်မဲပေးကြကြောင်း၊ ရွေးကောက်ပွဲကို ထောက်ခံကြောင်း၊ အောင်မြင်စွာကျင်းပနိုင်ခဲ့တဲ့အတွက် ဂုဏ်ယူကြောင်း ပြောကြားခဲ့ပါသေးတယ်။ ဒါ့အပြင် ရွေးကောက်ပွဲကို လာရောက် လေ့လာစောင့်ကြည့်ခဲ့တဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌကလည်း "ရွေးကောက်ပွဲမှာ ပြည်သူတွေက စိတ်အားထက်သန်စွာ ဆန္ဒမဲပေးကြပြီး နိုင်ငံရဲ့အနာဂတ်ကို ရွေးချယ်နေကြကြောင်း၊ MEVM မဲပေးစက်တွေဟာ မဲမသမာမှုပြုလုပ်၍မရကြောင်း၊ ရွေးကောက်ပွဲကို ပြည်သူတွေက ယုံကြည်မှုရှိကြောင်း၊ မြန်မာနိုင်ငံက ပြည်သူတွေ ရွေးကောက်ပွဲအပေါ်မှာ ပြင်းပြတဲ့ဆန္ဒထားရှိမှုအပေါ် ဝမ်းသာဂုဏ်ယူကြောင်း" သဘောထားမှတ်ချက် ပေးခဲ့ပါသေးတယ်။ ၂၀၂၅ ရွေးကောက်ပွဲဟာ Free , Fair and Clean Election လို့ခေါ်ဆိုနိုင်တဲ့ လွတ်လပ်ပြီးတရားမျှတတဲ့ရွေးကောက်ပွဲ၊ သန့်ရှင်းတဲ့ရွေးကောက်ပွဲဖြစ်တဲ့အပြင် မဲမသမာမှုကင်းမဲ့တဲ့ ရွေးကောက်ပွဲ၊ ပြည်သူတွေလိုလားတဲ့ ရွေးကောက်ပွဲ ဖြစ်ခဲ့တာကြောင့်သာ နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ခဲ့သူတွေက အခုလို အားလုံး တစ်ပြေးညီ ကောင်းမွန်တဲ့မှတ်ချက်တွေ ပေးခဲ့ကြတာဖြစ်ပါတယ်။

ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြီးစီးချိန် လွှတ်တော်ခေါ်ပြီး သမ္မတရွေးချယ်တဲ့အခါမှာလည်း (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတကို ရွေးချယ်ရာမှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့သုံးခုမှ သမ္မတလောင်းများကို အသီးသီးအဆိုပြုတင်မြှောက် ရွေးချယ်ခဲ့ကြခြင်း ဖြစ်ပါတယ်။ ပြည်ပသတင်းဌာနတစ်ခုဖြစ်တဲ့ CNA စွပ်စွဲသကဲ့သို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ်များနဲ့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းကာ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို မဲအပြတ်အသတ်ပေးခဲ့ခြင်း မဟုတ်ကြောင်း မဲရလဒ်များကို ကြည့်လျှင် သိသာလှပါတယ်။

ဧပြီလ ၃ ရက် မနက်ပိုင်းက ကျင်းပခဲ့တဲ့ တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲကို လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၅၈၆ ဦးရှိတဲ့အနက် ၅၈၄ ဦး တက်ရောက်ခဲ့ကြပြီး လျှို့ဝှက်ဆန္ဒမဲပေးရွေးချယ်ခဲ့ကြပါတယ်။ အဲဒီလိုရွေးချယ်ခဲ့ရာ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့မှ နိုင်ငံတော်သမ္မတလောင်း ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို ထောက်ခံဆန္ဒမဲ ၄၂၉ မဲ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ နိုင်ငံတော်သမ္မတလောင်း ဦးညိုစောကို ထောက်ခံဆန္ဒမဲ ၁၂၆ မဲ၊ ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ နိုင်ငံတော်သမ္မတလောင်း ဒေါ်နန်းနီနီအေးကို ထောက်ခံမဲ ၂၉ မဲဖြင့် အသီးသီး ရွေးချယ်ခဲ့ကြပြီး ထောက်ခံမဲအများဆုံးရရှိခဲ့တဲ့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရတာ ဖြစ်ပါတယ်။

ဗိုလ်ချုပ်မှူးကြီးရရှိခဲ့တဲ့ ထောက်ခံမဲ ၄၂၉ မဲဆိုတာ ပြည်သူ့လွှတ်တော်အတွင်းရှိ ပါတီစုံမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသား ကိုယ်စားလှယ်များနဲ့ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်များရဲ့ စုပေါင်းယုံကြည်မှုကြောင့်ပင် ဖြစ်ပါတယ်။ နိုင်ငံတော်ကို အကျပ်အတည်းများကြားမှ တည်ငြိမ်အောင် ထိန်းကျောင်းနိုင်ခဲ့သော၊ အခက်ခဲဆုံးအချိန်များမှာ ဦးဆောင်လမ်းပြခဲ့သော၊ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှာ အရည်အချင်းပြည့်ဝသော ခေါင်းဆောင်တစ်ဦးကို ကိုယ်စားလှယ်များက သူတို့ရဲ့ လွတ်လပ်သောဆန္ဒဖြင့် မဲပေးရွေးချယ်တင်မြှောက်ခဲ့ကြခြင်းသာ ဖြစ်ပါတယ်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရတဲ့အပေါ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ စတဲ့အိမ်နီးချင်းနိုင်ငံများနဲ့ မိတ်ဆွေနိုင်ငံများမှ ခေါင်းဆောင်များကလည်း ဝမ်းမြောက်ဂုဏ်ယူကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြသလို ပြည်တွင်းရှိ အသင်း/အဖွဲ့အစည်းပေါင်းစုံနဲ့ နိုင်ငံရေးပါတီများကလည်း ဝမ်းမြောက်ဂုဏ်ယူကြောင်း သဝဏ်လွှာများ ပေးပို့လျက်ရှိကြပါတယ်။

ပြောရမယ်ဆိုရင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံခဲ့ရခြင်းသည် ဥပဒေကြောင်းအရ ခိုင်မာသလို ပြည်သူ့ကိုယ်စားလှယ်များရဲ့ စုပေါင်းဆန္ဒလည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် CNA ကဲ့သို့သော ပြည်ပသတင်းဌာနတစ်ခုရဲ့ စွပ်စွဲရေးသားဖော်ပြချက်များသည် အထောက်အထားမဲ့မှန်ကန်မှုမရှိဘဲ လုံးဝ(လုံးဝ) မှားယွင်းနေကြောင်း ရေးသားဖော်ပြလိုက်ပါတယ်။ ။

# မြန်မာအသင်းယှဉ်ပြိုင်မည့် ၂၀၂၆ အာဆီယံ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ မေ ၆ ရက်တွင် စတင်ကျင်းပမည်

ရန်ကုန် မေ ၅

မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်လက်ရွေးစင်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၂၆ အာဆီယံ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲကို မေ ၆ ရက်မှစတင်ကာ ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲကို မေ ၆ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စု (A) တွင် ထိုင်း၊ ဗီယက်နမ်၊ မြန်မာ၊ တီမော၊ အုပ်စု (B) တွင် အင်ဒိုနီးရှား၊ ဩစတြေးလျ၊ မလေးရှားနှင့် ဘရူနိုင်းအသင်းတို့ ပါဝင်ကြသည်။ အုပ်စုပထမနေ့အဖြစ် မေ ၆ ရက် မြန်မာစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် အင်ဒိုနီးရှားအသင်းနှင့် ဘရူနိုင်းအသင်း၊ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် မလေးရှားအသင်းနှင့် ဩစတြေးလျအသင်း၊ မြန်မာစံတော်ချိန် ညနေ ၅ နာရီတွင် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် ထိုင်းအသင်းနှင့် တီမောအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။




ယင်းပြိုင်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို မေ ၅ ရက်က ကျင်းပရာ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းနည်းပြချုပ်ဖြစ်သူ ထိုင်းနိုင်ငံသား ပတ္တရားပီခွန် တက်ရောက်သည်။ နည်းပြချုပ် ပတ္တရား ပီခွန်က "ကျွန်တော် နည်းပြတစ်ယောက်အနေနဲ့ တာဝန်ယူထားတဲ့အတွက် မြန်မာအသင်းရဲ့ အခြေအနေတွေအားလုံးကို အပြည့်အဝတာဝန်ယူမှုရှိပါတယ်။ ဒီတစ်ခေါက် ပြိုင်ပွဲအတွက် ကျွန်တော်တို့ အာရုံစိုက်ပြီး အသေအချာပြင်ဆင်ထားပါတယ်။ အုပ်စုတွင်း ပြိုင်ဘက်တွေကလည်း တောင့်တင်းတဲ့အတွက် အကောင်းဆုံးကြိုးစားယှဉ်ပြိုင်ရမယ့် ပွဲတွေဖြစ်ပါတယ်။ ဒီပြိုင်ပွဲဟာ ကျွန်တော်တို့အတွက် ကောင်းမွန်တဲ့အတွေ့အကြုံတွေ ရရှိစေမှာပါ။ ကစားသမားတွေအနေနဲ့လည်း အကောင်းဆုံးကြိုးစားသွားမှာ ဖြစ်သလို ရရှိလာမယ့် အတွေ့အကြုံတွေကနေ သင်ယူပြီး အတိုးတက်ဆုံးဖြစ်အောင် လုပ်ဆောင်သွားရမှာပါ" ဟု ပြောသည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ယင်းပြိုင်ပွဲအတွက် မတ်လလယ်ကတည်းက စခန်းဝင်လေ့ကျင့်ခဲ့ပြီး မတ် ၂၉ ရက်တွင် ထိုင်းနိုင်ငံသို့ ကြိုတင်ထွက်ခွာကာ ခြေစမ်းပွဲများ ကစားခဲ့ကာ ခြေစမ်းပွဲသုံးပွဲကစားရာတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။

**သတင်း–ချစ်ကိုကို**
**ဓာတ်ပုံ–MFF**

**❂ မြန်မာဖိုက်တာမှ**

ဂျိုရှုအာဗန်သည် ပထမဆုံးကမ္ဘာ့ချန်ပီယံကာကွယ်ပွဲအတွက် သေချာပြင်ဆင်ထားသော်လည်း ပွဲထိုးသတ်ခါနီး ရက်ပိုင်းအလိုမှ ဒဏ်ရာပြဿနာကြောင့် ရက်အပြောင်းအလဲဖြစ်ခဲ့ခြင်းဖြစ်သည်။ ဂျိုရှုအာဗန်သည် ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲအဖြစ် ဂျပန်ဖိုက်တာ တက်ဆုရိုနှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ပြီး ရက်ပြောင်းလဲသော်လည်း ပြိုင်ဘက်ပြောင်းလဲခြင်းမရှိကြောင်း သိရသည်။

ဂျိုရှုအာဗန်သည် ပရော်ဖက်ရှင်နယ် MMA ကစားသမားဘဝ စုစုပေါင်း ၁၈ ပွဲထိုးသတ်ရာတွင် ၁၆ ပွဲနိုင် နှစ်ပွဲရှုံးနိမ့်ထားပြီး UFC နှင့် ၁၀ ပွဲထိုးသတ်ရာတွင် ကိုးပွဲနိုင် တစ်ပွဲရှုံးနိမ့်ထားသည်။ ဂျိုရှုအာဗန်သည် UFC တွင် နောက်ဆုံး ခြောက်ပွဲဆက်တိုက် အနိုင်ရပြီး ကမ္ဘာ့ချန်ပီယံပါဖြစ်လာခဲ့ခြင်းဖြစ်သည်။ ဂျိုရှုအာဗန်သည် ၂၀၂၃ ခုနှစ်တွင် နာမည်ကျော် တိုက်ခိုက်ရေးအဖွဲ့အစည်း UFC နှင့် စတင်လက်တွဲပြီးနောက် နှစ်နှစ်ကျော်ကာလအတွင်း ကမ္ဘာ့ချန်ပီယံဖြစ်လာခြင်းဖြစ်သည်။ ဂျိုရှုအာဗန်သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၆ ရက်က ထိုးသတ်သည့်ပွဲတွင် ဘရာဇီးဖိုက်တာ ပန်တိုဂျာကို အလဲထိုးအနိုင်ယူပြီးနောက် ကမ္ဘာ့ချန်ပီယံဖြစ်လာပြီး လေးလကျော်အကြာတွင် ချန်ပီယံကာကွယ်ပွဲ ပထမဆုံးအကြိမ် ထိုးသတ်ရမည်ဖြစ်သည်။

**သတင်း–ရှိုင်းထက်ဇော်**
**ဓာတ်ပုံ–UFC**

**✲ FIFA–MFF မှ**

သုံးဂိုး–နှစ်ဂိုး၊ Bo Min Yaung အသင်းက Syriam Myoma အသင်းကို ခြောက်ဂိုးပြတ် အနိုင်ရပြီး Future Goal အသင်းနှင့် ဖားစည်မြေအသင်း တစ်ဂိုးစီသရေကျခဲ့သည်။

ရန်ကုန်ဇုန်ခြေစစ်ပွဲကို အုပ်စုသုံးခုခွဲ၍ ကျင်းပနေပြီး အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးနှစ်သင်းစီမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပမည့်ပုံစံအရ ဒုတိယအဆင့်တွင် ဇုန်များခွဲ၍ ကျင်းပမည်ဖြစ်ပြီး ရန်ကုန်ဇုန်တွင် ယခင်နှစ်ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် ၁၂ သင်း၊ MFF ယူ–၁၄ အသင်းနှင့် YUFC အသင်း၊ ခြေစစ်ပွဲအောင်မြင်ခဲ့သည့် ခြောက်သင်း စုစုပေါင်း အသင်း ၂၀၊ မန္တလေး၊ တောင်ကြီးနှင့် မော်လမြိုင်ဇုန်တွင် ခြောက်သင်းစီ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ရန်ကုန်ဇုန်တွင် အသင်းအရေအတွက်များသဖြင့် တစ်ကျော့တည်းကျင်းပမည်ဖြစ်သော်လည်း ကျန်ဇုန်များကို နှစ်ကျော့စနစ်ဖြင့် ကျင်းပကာ ရန်ကုန်ဇုန်မှ အဆင့် (၁) မှ (၄) အထိရရှိမည့် လေးသင်း၊ ကျန်ဇုန်သုံးခုတွင် ထိပ်ဆုံးတစ်သင်းစီနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးတစ်သင်း စုစုပေါင်း ရှစ်သင်းမှာ နောက်ဆုံးအဆင့် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သတင်း–ကိုညီလေး**
**ဓာတ်ပုံ–MFF**

**❒ ကျောဖုံးမှ**

တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက တက်ရောက်ကြည့်ရှုအားပေးသည်။

ဗိုလ်လုပွဲပြိုင်ပွဲ၌ အမျိုးသမီးပြိုင်ပွဲတွင် Youth Camp အသင်းကYRG အသင်းကို ရမှတ် 15–8၊ 12–15၊ 15–6 မှတ်ဖြင့် လည်းကောင်း၊ အမျိုးသားသုံးယောက်တွဲတွင် YRG အသင်းက ရွှေကျွန်းသားအသင်းကို ရမှတ် 6–15၊ 15–10၊ 15–5 မှတ်ဖြင့်လည်းကောင်း၊ အမျိုးသားလေးယောက်တွဲတွင် ADARKHORSE အသင်းက YRG အသင်းကို ရမှတ် 9–15၊ 17–15၊ 15–9 မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

ထို့နောက်ပြိုင်ပွဲများအပြီး ဆုချီးမြှင့်ပွဲကို ကျင်းပရာ အကောင်းဆုံးအမျိုးသား၊ အမျိုးသမီးမျိုးဆက်သစ်ဆုရ အားကစားသမားများနှင့် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသောအသင်းများအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ဆုဖလားများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အမျိုးသားလေးယောက်တွဲတွင် ပထမဆုရ ADARKHORSE အသင်းအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသမီးသုံးယောက်တွဲ ပြိုင်ပွဲဝင်အသင်း ငါးသင်း၊ အမျိုးသားပြိုင်ပွဲဝင်အသင်း ၁၀ သင်းမှ ပြိုင်ပွဲအမျိုးအစားနှစ်မျိုးအဖြစ် အမျိုးသားသုံးယောက်တွဲ၊ အမျိုးသားလေးယောက်တွဲတို့သည် ပတ်လည်စနစ်ဖြင့် မတ် ၁၄ ရက်မှ မေ ၅ ရက်အထိ ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**အာကာ**

## ရိုးရာအတာသင်္ကြန်ပွဲတော်ကာလ ကျန်းမာရေး အသိပေးနှိုးဆော်ချက်

၂၀၂၆ ခုနှစ် ရိုးရာအတာသင်္ကြန်ပွဲတော်တွင် မိဘပြည်သူများ ကျန်းမာရေးနှင့်အညီ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြနိုင်ရေး အောက်ဖော်ပြပါ ကျန်းမာရေးအသိပေးချက်များကို သတိပြုလိုက်နာ ဆောင်ရွက်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(က) အပူဒဏ်အန္တရာယ်မှကာကွယ်ရန်အတွက် နေ့လယ်ပိုင်း နေရောင်ပြင်းထန်ချိန်တွင် အရိပ်ရသည့် နေရာများတွင် နားနေပါ။ အပြင်ထွက်ပါက (ထီး၊ ဦးထုပ် စသည်) တို့ကို အသုံးပြုပါ။ ရေဓာတ်ခန်းခြောက်မှုမှကာကွယ်ရန် သန့်ရှင်းသည့်သောက်ရေကို မကြာခဏသောက်ပါ။ အရက်သောက်သုံးခြင်းသည် အပူဒဏ်အန္တရာယ် ပိုမိုပြင်းထန်စွာ ခံစားရနိုင်သည်ကို အထူးသတိပြုပါ၊

(ခ) ရေမှတစ်ဆင့်ကူးစက်တတ်သောရောဂါများမှ ကြိုတင်ကာကွယ်ရန်အတွက် ရေကစားရာတွင် သန့်ရှင်းသောရေကိုသာ အသုံးပြုနိုင်ရေးဆောင်ရွက်ပါ။ ရေကစားရာတွင် အသုံးပြုသောရေကို သောက်ခြင်းမပြုသင့်ပါ။ ရေကစားရာတွင် မျက်လုံး၊ နား၊ ပါးစပ်ထဲသို့ ရေများ မဝင်အောင် သတိပြုပါ။ ဖိအားမြင့် အားပြင်းသည့်ရေပန်းဖြင့် မျက်နှာကို တိုက်ရိုက်ပက်ခြင်းမှ ရှောင်ကြဉ်ပါ၊

(ဂ) ထိခိုက်ဒဏ်ရာနှင့် မတော်တဆမှုများကာကွယ်ရန်အတွက် စိုစွတ်လျက်ရှိသော လမ်းများတွင် ချော်လဲနိုင်၍ သတိထားပါ။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာပါ။ အရက်သေစာ သောက်သုံး၍ ယာဉ်မောင်းနှင်ခြင်းမှ လုံးဝရှောင်ကြဉ်ပါ၊

(ဃ) တစ်ကိုယ်ရေသန့်ရှင်းရေးကောင်းမွန်ရန် လက်များကို မကြာခဏဆေးကြောပါ။ လတ်ဆတ်ပြီး သန့်ရှင်းသော အစားအစာများကိုသာ စားသုံးပါ။ အစားအသောက် ရောင်းချသူများအနေဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေး သတိပြုဆောင်ရွက်ပါ။ အစားအစာများကို ယင်နားခြင်းနှင့် အခြားအညစ်အကြေးများ မဝင်ရောက်နိုင်ရန် စနစ်တကျဖုံးအုပ်ပါ၊

(င) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်းနှင့် ထိခိုက်ဒဏ်ရာ တစ်စုံတစ်ရာရရှိပါက နီးစပ်ရာ ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း သို့မဟုတ် ပြည်သူ့ဆေးရုံသို့ အမြန်ဆက်သွယ်၍ ဆေးကုသမှု ခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

## မင်္ဂလာမန္တလေးလမ်းလျှောက်သင်္ကြန်ကို ဇုန်များအလိုက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**မန္တလေး ဧပြီ ၅**

၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော် ကာလအတွင်း မန္တလေးမြို့ရှိသင်္ကြန်ချစ်သူပြည်သူများ ပိုမိုပျော်ရွှင်စွာ ဆင်နွှဲနိုင်ရန်အတွက် မန္တလေးမြို့ချမ်းမြသာစည်မြို့နယ် (၇၃)လမ်းရှိ မင်္ဂလာမန္တလေး လမ်းလျှောက်သင်္ကြန်ကို ဇုန်များအလိုက် ဆန်းသစ်သည့် အစီအစဉ် ကောင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မင်္ဂလာမန္တလေး လမ်းလျှောက်သင်္ကြန် ဇုန်အတွင်း Floating Street ဇုန်၊ Star Light Street ဇုန်၊ Flower Street ဇုန်နှင့် Water Street ဇုန် စသည်ဖြင့် ဇုန်များအလိုက်သတ်မှတ်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည့် ရိုးရာလက်မှုပညာရပ်များ၊ ယခင်နှစ်များနှင့် မတူညီသည့် ဒီဇိုင်းများဖြင့် ခမ်းနားထည်ဝါစွာ ဆင်ယင်ကျင်းပသွားမည်ဖြစ်ကြောင်း Mandalay Management Coperation မှ မန်နေဂျင်း ဒါရိုက်တာ ဦးစိုးနိုင်က ပြောသည်။

"ကျွန်တော်တို့ ဇုန်တွေအတွင်းမှာပဲ သနပ်ခါးယဉ်ကျေးမှုအတွက်ကိုလည်း ရေပက်ခံလာတဲ့သူတွေကို သနပ်ခါးလိမ်းလို့ရအောင် သနပ်ခါးကျောက်ပျဉ်တွေ ချထားပေးမယ်။ နောက်ပြီး ဇုန်များအလိုက် ထီးတွေနဲ့ အလှဆင်တာတွေ၊ မြန်မာ့ရိုးရာ အစဉ်အလာမပျက် ရေလောင်းနိုင်ဖို့ လောင်းလှေတွေလည်း စီစဉ်ပေးသွားမှာပါ။ တခြားထူးခြားတဲ့ အစီအစဉ်တွေလည်းရှိပါသေးတယ်"ဟု ၎င်းကပြောသည်။

ထို့ပြင် ယခုနှစ်တွင် ပြည်သူများ ပင်ပန်းခဲ့သမျှ ပြေပျောက်၍ ပိုမိုအပန်းဖြေစေလိုသည့် ရည်ရွယ်ချက်ဖြင့် မဏ္ဍပ်ကိုလည်း ခမ်းနားထည်ဝါစွာ တည်ဆောက်နေပြီး နိုင်ငံကျော်အဆိုတော်ပေါင်းများစွာဖြင့် သင်္ကြန်ကာလအတွင်း ဖျော်ဖြေသွားမည် ဖြစ်ကာ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းများကိုလည်း သင်္ကြန်အကြိုနေ့မှ စတင်၍နေ့စဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။



မင်္ဂလာမန္တလေး လမ်းလျှောက်သင်္ကြန်ဧရိယာအတွင်း စွမ်းအင်ချွေတာသည့်အနေဖြင့် ဆိုလာပါဝါစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် သင်္ကြန်ချစ်သူပြည်သူများအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအလှအပများ၊ ဖျော်ဖြေရေး အစီအစဉ်ကောင်းများကို ခံစားရင်း သင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာ အတူတကွလာရောက်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မြစ်ကြီးနားမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ယိမ်းအဖွဲ့များ လေ့ကျင့်ပြင်ဆင်လျက်ရှိ

**မြစ်ကြီးနား ဧပြီ ၅**

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ကချင်ပြည်နယ်၏ မြို့တော် မြစ်ကြီးနားမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည့်အပြင် ဗဟိုမဏ္ဍပ်၌ ယိမ်းအကပြိုင်ပွဲများ ထည့်သွင်းကျင်းပနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း မဟာသင်္ကြန်ပွဲတော် ဖြစ်မြောက်ရေးကော်မတီထံမှ သိရသည်။

သို့ဖြစ်ပါ၍ ဗဟိုမဏ္ဍပ်တွင် ယိမ်းအကဖြင့် ပါဝင်ယှဉ်ပြိုင်သွားမည့် ပြိုင်ပွဲဝင် ယိမ်းအဖွဲ့များအနေဖြင့် လေ့ကျင့်ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ်အစိုးရအဖွဲ့ ယိမ်းအဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ယိမ်းအဖွဲ့တို့က ပြည်နယ်အစိုးရအဖွဲ့ရုံး၌ လေ့ကျင့်လျက်ရှိပြီး စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့တော်ခန်းမ၌ လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။



ယင်းသို့ ယိမ်းအဖွဲ့များ လေ့ကျင့်ပြင်ဆင်နေမှုများနှင့် စပ်လျဉ်း၍ ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စားပြုယိမ်းအဖွဲ့အနေဖြင့် ကိုယ်ပိုင်သံစဉ်/ ကိုယ်ပိုင်စာသား/ ဆိုင်းဝိုင်းနှင့် ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ယိမ်းအဖွဲ့အနေဖြင့် စီဒီတေးသီချင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည့်အပြင် စည်ပင်သာယာရေးအဖွဲ့ ကိုယ်စားပြုယိမ်းအဖွဲ့အနေဖြင့် ဗဟိုမဏ္ဍပ်ယိမ်းအကပြိုင်ပွဲတွင် ကိုယ်ပိုင်သံစဉ်/ ကိုယ်ပိုင်စာသား/ တီးဝိုင်းနှင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ယိမ်းအဖွဲ့များ၏ အုပ်ချုပ်သူများထံမှ သိရသည်။

အဆိုပါ ဗဟိုမဏ္ဍပ် ယိမ်းအကအလှပြိုင်ပွဲကို ပြည်နယ်အစိုးရအဖွဲ့အပါအဝင် ဝန်ကြီးဌာန အသီးသီး ကိုယ်စားပြု ယိမ်းအဖွဲ့များ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု ယိမ်းအဖွဲ့နှင့် မြို့ပေါ် ရပ်ကွက်များမှ ယိမ်းအဖွဲ့များက ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ပြီး ယိမ်းအကပြိုင်ပွဲ ကျင်းပရေးကော်မတီအနေဖြင့် ကိုယ်ပိုင်စာသား/ ကိုယ်ပိုင်အဆို/ ကိုယ်ပိုင်အတီးဖြင့်လည်းကောင်း၊ ကိုယ်ပိုင်စာသား/ စီဒီဖြင့် လည်းကောင်း၊ စီဒီတေးသီချင်းဖြင့်လည်းကောင်း ပြိုင်ပွဲအမျိုးအစားသုံးမျိုးဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ဆုများကိုလည်း ကချင်ပြည်နယ်အစိုးရအဖွဲ့က ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## မဟာသင်္ကြန်ပွဲတော်တွင် ယိမ်းအဖွဲ့များ၊ ဖျော်ဖြေရေးအဖွဲ့များ ပါဝင်ယှဉ်ပြိုင်ဖျော်ဖြေနိုင်ရေး ကြိုတင်လေ့ကျင့်ဆောင်ရွက်နေ



**ပုသိမ် ဧပြီ ၅**

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ မဟာသင်္ကြန်ပွဲတော်တွင် ယိမ်းအဖွဲ့များ၊ ဖျော်ဖြေရေးအဖွဲ့များ ပါဝင်ယှဉ်ပြိုင် ဖျော်ဖြေနိုင်ရေးအတွက်ဌာနဆိုင်ရာအလိုက်၊ ကျောင်းအလိုက် ကြိုတင်လေ့ကျင့်ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ပြင်ဆင်ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ယိမ်းအကအဖွဲ့များအား သက်ဆိုင်ရာဌာနအလိုက်၊ ကျောင်းအလိုက် လေ့ကျင့်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်ပြီး အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ဖျော်ဖြေနိုင်ရေးအတွက် ယိမ်းအဖွဲ့ ၁၉ ဖွဲ့က ကြိုတင်လေ့ကျင့်ဆောင်ရွက်နေသကဲ့သို့ ပုသိမ်မြို့ ကမ်းနားလမ်းရှိ ရှုခင်းသာရင်ပြင်တွင် ဧရာဝတီတိုင်းဒေသကြီး(ဗဟို) သင်္ကြန်မဏ္ဍပ်အား အလျားပေ ၂၀၀၊ အနံပေ ၆၀ ဖြင့် ဖျော်ဖြေရေးမဏ္ဍပ်များ၊ ညှိခံရေးမဏ္ဍပ်များနှင့် ရေကစားမဏ္ဍပ်များအား ပူးတွဲတည်ဆောက်လျက်ရှိသည်။

ထို့ပြင် တိုင်းဒေသကြီးအတွင်း စက်သုံးဆီ ခြိုးခြံချွေတာသုံးစွဲရေးအနေဖြင့် လမ်းလျှောက်သင်္ကြန်အပါအဝင် ဗဟိုမဏ္ဍပ်နှင့်အခြားသောမဏ္ဍပ်များအား ပုသိမ်မြို့ ကမ်းနားလမ်းတွင် တစုတစည်းတည်းကျင်းပမည်ဖြစ်ရာ ဆိုလာရေရရှိရေးစနစ်ဖြင့် လည်းကောင်း၊ လျှပ်စစ်မီးအသုံးပြု၍ စက်သုံးဆီသုံးစွဲရေးအား အနည်းဆုံး ခြိုးခြံချွေတာနိုင်ရေး အစီအစဉ်ကို ဆောင်ရွက်ထားကြောင်း ဗဟိုမဏ္ဍပ်တည်ဆောက်ရေးကော်မတီအတွင်းရေးမှူး တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက ပြောကြားသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အပူရှိန်ပြင်းထန်သော နွေကာလကို ကျန်းမာသုခဖြင့် ကျော်ဖြတ်ခြင်း

o—— ထက်ဇေယံ ——o

တပေါင်း၊ တန်ခူးလများ ရောက်ရှိလာသည်နှင့်အမျှ မြန်မာ့မြေပေါ်၌ နေရောင်ခြည်က ပိုမိုတောက်ပလာပြီး ပတ်ဝန်းကျင်တစ်ခုလုံး အပူရှိန်များ မြင့်တက်လာလေ့ရှိပါသည်။ နွေရာသီသည် ပျော်ရွှင်စရာသင်္ကြန်ပွဲတော်နှင့်အတူ ရောက်ရှိလာတတ်သော်လည်း တစ်ဖက်တွင် ပြင်းထန်သော အပူဒဏ်ကြောင့် ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများစွာကို သယ်ဆောင်လာတတ်ပါသည်။ အပူဒဏ်ကြောင့် ဖြစ်ပွားတတ်သော ရောဂါဝေဒနာများသည် အသက်အန္တရာယ်မရွေး ဒုက္ခပေးနိုင်သဖြင့် ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်သော နည်းလမ်းဖြစ်ပါသည်။

> ❝နွေရာသီတွင် ရေငတ်ပြေစေရန်အတွက် အရက်၊ ဘီယာ သို့မဟုတ် ကော်ဖီတို့ကို သောက်သုံးခြင်းသည် မှားယွင်းသော အယူအဆတစ်ခုဖြစ်ပါသည်။ အယ်လ်ကိုဟောနှင့် ကဖိန်းဓာတ်များသည် ခန္ဓာကိုယ်ရှိ ရေဓာတ်ကို ဆီးအဖြစ်စွန့်ထုတ်မှုကို မြန်ဆန်စေသဖြင့် ခန္ဓာကိုယ်ကို ပိုမိုရေဓာတ်ခန်းခြောက်စေပါသည်။ ထို့အပြင် ကိုယ်တွင်းအပူချိန်ကိုလည်း မြင့်တက်စေနိုင်သဖြင့် နွေရာသီတွင် ထိုသောက်စရာများကို အတတ်နိုင်ဆုံးရှောင်ကြဉ်ပြီး ရေရိုးရိုး သို့မဟုတ် သဘာဝသစ်သီးဖျော်ရည်များကိုသာ အစားထိုးသောက်သုံး❞

**ခန္ဓာကိုယ်အတွင်း**
**ရေဓာတ်မခန်းခြောက်စေရန် ဂရုပြုခြင်း**

နွေရာသီ၏ ပြင်းထန်သော အပူရှိန်အောက်တွင် ခန္ဓာကိုယ်သည် အပူချိန်ကို ထိန်းညှိရန်အတွက် ချွေးထွက်ခြင်းဖြင့် ကြိုးစားရပါသည်။ ထိုသို့ ချွေးထွက်များလာသည်နှင့်အမျှ ကိုယ်တွင်းရှိ ရေဓာတ်နှင့် မရှိမဖြစ်လိုအပ်သော ဆားဓာတ်များ လျင်မြန်စွာ ဆုံးရှုံးသွားတတ်ပါသည်။ ထို့ကြောင့် ရေငတ်သည့် ခံစားချက်မရှိစေကာမူ တစ်နေ့လျှင် ရေနှစ်လီတာမှ သုံးလီတာအထိ ပုံမှန်သောက်သုံးသည့် အလေ့အကျင့်ကို မွေးမြူရပါမည်။ ရေဘူးကို လူနှင့်မကွာ ဆောင်ထားခြင်းဖြင့် ရေဓာတ်ခန်းခြောက်မှုကြောင့် ဖြစ်ပေါ်တတ်သော ခေါင်းမူးခြင်း၊ နုံးချည့်ခြင်းနှင့် ကျောက်ကပ်ဆိုင်ရာ ပြဿနာများကို ထိရောက်စွာဟန့်တားနိုင်မည်ဖြစ်ပါသည်။

**အပူဒဏ်ကြောင့် ဖြစ်တတ်သော အဆုတ်ရောင်နှင့်**
**အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများ**

နွေကာလတွင် လေထုသည် ခြောက်သွေ့နေပြီး ဖုန်မှုန့်များနှင့် မီးခိုးငွေ့များ ပိုမိုလွင့်ပျံ့နေတတ်ပါသည်။ ဤအခြေအနေသည် အသက်ရှူလမ်းကြောင်းကို လှုံ့ဆော်မှုဖြစ်စေပြီး ချောင်းဆိုးခြင်း၊ ရင်ကျပ်ခြင်းနှင့် အဆုတ်ရောင်ရောဂါအထိ ဖြစ်ပွားစေနိုင်သော အခြေအနေများရှိပါသည်။ အထူးသဖြင့် လေထုညစ်ညမ်းမှုများပြားသော မြို့ပြဒေသများတွင် အပြင်ထွက်သည့်အခါတိုင်း Mask စနစ်တကျ တပ်ဆင်ခြင်းသည် ဖုန်မှုန့်များကို ကာကွယ်ရုံသာမက ရောဂါပိုးမွှားများ ဝင်ရောက်မှုကိုလည်း လျှော့ချပေးနိုင်ပါသည်။ နေအိမ်အတွင်း၌လည်း ဖုန်မတက်အောင် သန့်ရှင်းရေးကို အလေးထားသင့်ပါသည်။

**အစာအဆိပ်သင့်ခြင်းနှင့်**
**ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေး**

အပူချိန်မြင့်မားခြင်းသည် ဗက်တီးရီးယားများပေါက်ပွားရန် အကောင်းဆုံးပတ်ဝန်းကျင်ကို ဖန်တီးပေးသဖြင့် အစားအစာများ အလွယ်တကူ ပုပ်သိုးတတ်ပါသည်။ နွေရာသီတွင် ဝမ်းပျက်ဝမ်းလျှောနှင့် အစာအဆိပ်သင့်ခြင်းများ အဖြစ်များရခြင်းမှာ မလတ်ဆတ်သော အစားအစာများနှင့် သန့်ရှင်းမှုမရှိသော ယင်နားစာများကို စားသုံးမိခြင်းကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ဟင်းလျာများကို ချက်ပြုတ်ပြီးလျှင် သေချာစွာ ဖုံးအုပ်ထားခြင်း၊ သိုးနံ့ရသော အစားအစာများကို နှမြောတွန့်တိုမနေဘဲစွန့်ပစ်ခြင်းနှင့် လတ်ဆတ်သော အသီးအနှံများကိုသာ ရွေးချယ်စားသုံးခြင်းဖြင့် အစာလမ်းကြောင်းဆိုင်ရာရောဂါများကို ကာကွယ်နိုင်ပါသည်။

**အပူလျှပ်ခြင်း၏ အန္တရာယ်နှင့် လက္ခဏာများ**

အပူလျှပ်ခြင်း(Heat Stroke)သည် နွေရာသီတွင် အသက်အန္တရာယ်ပေးနိုင်ဆုံးသော အရေးပေါ်အခြေအနေတစ်ခုဖြစ်ပါသည်။ ခန္ဓာကိုယ်၏အပူချိန်ထိန်းညှိစနစ်ပျက်ယွင်းသွားပြီး ကိုယ်အပူချိန် 104°F (40°C) အထက်သို့ ရောက်ရှိသွားပါက သတိလစ်ခြင်း၊ ကယောင်ကတမ်းဖြစ်ခြင်းနှင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။ အထူးသဖြင့် နေပူထဲတွင် ပင်ပန်းစွာ အလုပ်လုပ်သူများ သတိပြုရပါမည်။ အကယ်၍ မိမိကိုယ်တိုင်ဖြစ်စေ၊ ပတ်ဝန်းကျင်မှ လူတစ်ဦးဦးဖြစ်စေ အသားအရေနီရဲလာခြင်း၊ ချွေးမထွက်တော့ဘဲ အသားပူလာခြင်းတို့ဖြစ်ပေါ်ပါက အေးမြသောနေရာသို့ အမြန်ရွှေ့ပြောင်းကာ အရေးပေါ်ကုသမှုခံယူရမည်ဖြစ်ပါသည်။

**အရေပြားကို နေရောင်ခြည်ဒဏ်မှ ကာကွယ်ခြင်း**

ပြင်းထန်သော ခရမ်းလွန်ရောင်ခြည် (UV Rays) များသည် အရေပြားပေါ်ရှိ ဆဲလ်များကို ပျက်စီးစေပြီး ရေရှည်တွင် အရေပြားကင်ဆာ၊ တင်းတိပ်နှင့် အရေးအကြောင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့် နေရောင်ခြည်တိုက်ရိုက်ထိတွေ့မှုကို ရှောင်ရှားရန် Sunscreen (နေလောင်ကာခရင်မ်)ကို အပြင်မထွက်မီ အမြဲလိမ်းပေးသင့်ပါသည်။ ထို့အပြင် မြန်မာ့ရိုးရာသနပ်ခါးသည်လည်း နေရောင်ခြည်ဒဏ်ကို ကာကွယ်ပေးနိုင်သော သဘာဝဆေးစွမ်းကောင်းတစ်ခုဖြစ်သဖြင့် အသုံးပြုသင့်ပါသည်။ အပြင်သွားလျှင်လည်း ထီး သို့မဟုတ် အနားကျယ်သော ဦးထုပ်များကိုဆောင်းခြင်းဖြင့် အရေပြားကျန်းမာရေးကို ထိန်းသိမ်းနိုင်ပါသည်။

**နွေရာသီနှင့် သင့်တော်သော**
**အဝတ်အထည်များ ရွေးချယ်ခြင်း**

အဝတ်အထည်ရွေးချယ်မှုသည် ကိုယ်ခန္ဓာ၏ အပူချိန်ကို တိုက်ရိုက်သက်ရောက်မှုရှိပါသည်။ နွေရာသီတွင် ကျပ်ထုပ်နေသော အဝတ်အစားများ သို့မဟုတ် နိုင်လွန်ကဲ့သို့ လေဝင်လေထွက်မရှိသော အသားများကို ရှောင်ကြဉ်ပြီး ချည်သား (Cotton) အင်္ကျီအပွများကိုသာ ဦးစားပေးဝတ်ဆင်သင့်ပါသည်။ အနက်ရောင် သို့မဟုတ် အရောင်ရင့်သော အထည်များသည် အပူကို စုပ်ယူတတ်သဖြင့် အရောင်ဖျော့သော အဝတ်အထည်များကို ရွေးချယ်ခြင်းဖြင့် ခန္ဓာကိုယ်ကို ပိုမိုအေးမြစေပြီး ချွေးထွက်ခြင်းကိုလည်း လျော့နည်းစေမည်ဖြစ်ပါသည်။

**အပူချိန်မြင့်မားချိန်တွင် ပြင်းထန်သော**
**ကိုယ်လက်လှုပ်ရှားမှုများကို ရှောင်ကြဉ်ခြင်း**

နွေရာသီ၏ နံနက် ၁၁ နာရီမှ ညနေ ၄ နာရီအထိသည် နေရောင်ခြည်အပြင်းဆုံးနှင့် အပူရှိန်အမြင့်မားဆုံးအချိန်ဖြစ်ပါသည်။ ဤအချိန်အတွင်း ပြင်းထန်သောကိုယ်လက်လှုပ်ရှားမှုများ၊ အားကစားလုပ်ခြင်းနှင့် ပင်ပန်းသောအလုပ်များကို လုပ်ဆောင်လျှင် ခန္ဓာကိုယ်က အပူဒဏ်ကိုမခံနိုင်ဘဲ မူးလဲခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။ ထို့ကြောင့် မလွှဲမရှောင်သာ အလုပ်လုပ်ရပါကလည်း အနားယူချိန်ကို ခပ်စိပ်စိပ် ပြုလုပ်ပေးရန်နှင့် အရိပ်အာဝါသအောက်တွင်သာနေထိုင်ရန် အရေးကြီးပါသည်။

**သဘာဝသီးနှံများနှင့်**
**အပူဒဏ်ခံနိုင်ရည်မြှင့်တင်ခြင်း**

နွေရာသီသည် ခန္ဓာကိုယ်အတွက် ရေဓာတ်နှင့် ဗီတာမင်များ ပိုမိုလိုအပ်သောအချိန်ဖြစ်သဖြင့် သဘာဝမှပေးအပ်ထားသော ရာသီစာများကို စားသုံးသင့်ပါသည်။ ရေဓာတ် ၉၀ ရာခိုင်နှုန်းကျော် ပါဝင်သော ဖရဲသီး၊ သခွားသီးတို့သည် ကိုယ်တွင်းအပူကိုငြိမ်းစေသကဲ့သို့ အုန်းစိမ်းရည်သည်လည်း ကုန်ဆုံးသွားသော ဆားဓာတ်များကို ပြန်လည်ဖြည့်တင်းပေးနိုင်သော သဘာဝဓာတ်ဆားရည်ပင်ဖြစ်ပါသည်။ လတ်ဆတ်သော အသီးအနှံများကို နေ့စဉ်စားသုံးခြင်းဖြင့် ကိုယ်ခံအားစနစ်ကို မြှင့်တင်ကာ နွေရာသီ၏ရောဂါများကို တွန်းလှန်နိုင်ပါသည်။

**ကလေးငယ်များနှင့်**
**သက်ကြီးရွယ်အိုများအတွက် အထူးဂရုစိုက်မှု**

ကလေးငယ်များသည် ကိုယ်ခန္ဓာကြီးထွားဆဲဖြစ်ပြီး သက်ကြီးရွယ်အိုများသည် ကိုယ်ခံအားစနစ် လျော့နည်းလာသူများဖြစ်သဖြင့် အပူဒဏ်၏ ရိုက်ခတ်မှုကို အဆိုးရွားဆုံး ခံစားရနိုင်ခြေရှိပါသည်။ ၎င်းတို့သည် မိမိတို့၏ဝေဒနာကို တိကျစွာ မဖော်ပြနိုင်သည်မှာများသဖြင့် မိသားစုဝင်များက အထူးသတိထားစောင့်ကြည့်ရပါမည်။ ၎င်းတို့ကို အေးမြသောနေရာတွင်ထားရှိခြင်း၊ ရေကိုမကြာခဏ သောက်သုံးစေခြင်းနှင့် ယားယံခြင်းကဲ့သို့သော အရေပြားပြဿနာများမဖြစ်အောင် သန့်ရှင်းရေး ပြုလုပ်ပေးခြင်းတို့ဖြင့် ဂရုစိုက်ရပါမည်။

**ယင်ကောင်မှတစ်ဆင့်**
**ကူးစက်တတ်သော ကာလဝမ်းရောဂါ**

အပူရှိန်နှင့်အတူ ယင်ကောင်များ ပေါများလာခြင်းသည် ကျန်းမာရေးအတွက် ကြီးမားသော ခြိမ်းခြောက်မှုတစ်ခုဖြစ်ပါသည်။ ယင်ကောင်များသည် မသန့်ရှင်းသောနေရာများမှ ရောဂါပိုးများကို အစားအစာများပေါ်သို့ သယ်ဆောင်လာတတ်သဖြင့် ကာလဝမ်းရောဂါကဲ့သို့သော ပြင်းထန်ဝမ်းပျက်ရောဂါများဖြစ်ပွားနိုင်ပါသည်။ ထို့ကြောင့် အစားအစာများကို ယင်မနားအောင် စနစ်တကျဖုံးအုပ်ခြင်းနှင့်အတူ အစာမစားမီနှင့် အိမ်သာမှအထွက်တွင် လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောခြင်းဖြင့် ရောဂါကူးစက်မှုကွင်းဆက်ကို ဖြတ်တောက်ရမည်ဖြစ်ပါသည်။

**အယ်လ်ကိုဟောနှင့် ကဖိန်းဓာတ်ပါသော**
**သောက်စရာများကို ဆင်ခြင်ခြင်း**

နွေရာသီတွင် ရေငတ်ပြေစေရန်အတွက် အရက်၊ ဘီယာ သို့မဟုတ် ကော်ဖီတို့ကို သောက်သုံးခြင်းသည် မှားယွင်းသော အယူအဆတစ်ခု ဖြစ်ပါသည်။ အယ်လ်ကိုဟောနှင့် ကဖိန်းဓာတ်များသည် ခန္ဓာကိုယ်ရှိ ရေဓာတ်ကို ဆီးအဖြစ် စွန့်ထုတ်မှုကို မြန်ဆန်စေသဖြင့် ခန္ဓာကိုယ်ကို ပိုမိုရေဓာတ်ခန်းခြောက်စေပါသည်။ ထို့အပြင် ကိုယ်တွင်းအပူချိန်ကိုလည်း မြင့်တက်စေနိုင်သဖြင့် နွေရာသီတွင် ထိုသောက်စရာများကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ပြီး ရေရိုးရိုး သို့မဟုတ် သဘာဝသစ်သီးဖျော်ရည်များကိုသာ အစားထိုးသောက်သုံးသင့်ပါသည်။

**နွေရာသီတွင် မျက်စိနာခြင်းနှင့် မျက်စိကျန်းမာရေး**

ခြောက်သွေ့သော လေနှင့်အတူ ပါလာသော ဖုန်မှုန့်များသည် မျက်စိအတွင်းသို့ ဝင်ရောက်ကာ မျက်စိနာခြင်း၊ မျက်စိနီခြင်းနှင့် ယားယံခြင်းများကို ဖြစ်စေပါသည်။ ထို့အပြင် နေရောင်ခြည်၏ ပြင်းထန်သော အလင်းတန်းများသည်လည်း မျက်စိအမြင်အာရုံကို ထိခိုက်စေနိုင်ပါသည်။ ထို့ကြောင့် အပြင်ထွက်လျှင် အရည်အသွေးကောင်းမွန်သော နေကာမျက်မှန်များတပ်ဆင်ခြင်း၊ မျက်စိကို မသန့်ရှင်းသောလက်ဖြင့်ပွတ်ခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် မျက်စိပင်ပန်းလျှင် ရေအေးအေးဖြင့် ဆေးကြောပေးခြင်းတို့ဖြင့် ဂရုစိုက်သင့်ပါသည်။

**အိပ်ရေးဝဝအိပ်စက်ခြင်းနှင့် အနားယူမှုပုံစံ**

နွေရာသီ၏ အပူဒဏ်ကြောင့် လူအများစုသည် ညဘက်တွင် ကောင်းစွာအိပ်မပျော်ခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်းများကို ခံစားရတတ်ပါသည်။

> ❝အပူလျှပ်ခြင်း(Heat Stroke) သည် နွေရာသီတွင် အသက်အန္တရာယ်ပေးနိုင်ဆုံးသော အရေးပေါ်အခြေအနေတစ်ခု ဖြစ်ပါသည်။ ခန္ဓာကိုယ်၏ အပူချိန်ထိန်းညှိစနစ် ပျက်ယွင်းသွားပြီး ကိုယ်အပူချိန် 104°F (40°C) အထက်သို့ရောက်ရှိသွားပါက သတိလစ်ခြင်း၊ ကယောင်ကတမ်းဖြစ်ခြင်းနှင့် အသက်ဆုံးရှုံးသည် အထိ ဖြစ်ပွားနိုင်ပါသည်။ အထူးသဖြင့် နေပူထဲတွင် ပင်ပန်းစွာ အလုပ်လုပ်သူများ သတိပြုရပါမည်❞

စာမျက်နှာ ၁၃ သို့ ❋

# ပြည်မြို့ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ကုသပေးမည့်နေရာ ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိ

ပြည် မေ ၅

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ခုတင်(၅၀၀) အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ မေ ၄ ရက် မှစ၍ အပူဒဏ်ကြောင့် ဖြစ်ပေါ်တတ်သော ရောဂါများအတွက် ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် ကုသပေးမည့်နေရာအား ကြိုတင်စီစဉ် ဆောင်ရွက်ထားရှိကြောင်း သိရသည်။



**ဆောင်ရွက်လျက်ရှိ**

ယခုရက်ပိုင်းအတွင်း ပူပြင်းသည့် နွေရာသီကာလရောက်ရှိလာမှုနှင့်အတူ အပူချိန်မြင့်တက်မှုများ ဖြစ်ပေါ်လာမှုတို့ကြောင့် အပူဒဏ်အန္တရာယ်ဖြစ်ပွားမှု အများဆုံး တိုင်းဒေသကြီး/ပြည်နယ်များတွင် အပူဒဏ်ကြောင့် ဖြစ်ပေါ်တတ်သော ရောဂါများဖြင့် ပြည်သူ့ဆေးရုံများသို့ လာရောက်ပြသသောလူနာများအား လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်မြို့ ပြည်သူ့ဆေးရုံကြီးတွင်လည်း လူနာများ လက်ခံကုသပေးမည့်နေရာ ကြိုတင်စီစဉ်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ဖြည့်ဆည်း ပြင်ဆင်ထားရှိခြင်း၊ အပူဒဏ်အန္တရာယ်လူနာများအား အရေးပေါ် ကုသမှုပေးရာတွင် ကုသမှုလုပ်ငန်းလမ်းညွှန်နှင့်အညီ ဆောင်ရွက်ရန်အတွက် လေ့ကျင့်မှုများ ဆောင်ရွက်ခြင်းအပါအဝင် အပူဒဏ်အန္တရာယ်နှင့်ပတ်သက်သော ကျန်းမာရေးပြဿနာများ ကာကွယ် ကုသရေးအတွက် ကျန်းမာရေး ပညာပေးလုပ်ငန်းများ၊ ကုသရေးလုပ်ငန်းများအား အချိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**



# ဝေါမြို့၌ အပူဒဏ်ကာကွယ်ကုသရန် ပြင်ဆင်ထားရှိ

ဝေါ မေ ၅

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်ကုသရေးဦးစီးဌာနသည် အပူဒဏ်အန္တရာယ်ကြောင့် ဖြစ်ပွားလာမည့်အကျိုးဆက်များအား ညွှန်ကြားချက်နှင့်အညီ အရေးပေါ်ကုသစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ဆေးရုံများတွင် သီးသန့်အခန်းခုတင်များပြင်ဆင်ခြင်း၊ လိုအပ်သော ဆေးဝါးနှင့်ပစ္စည်းများ အဆင်သင့်စုဆောင်းထားရှိခြင်းနှင့် ဆေးရုံတက်ရောက်နေသူ လူနာနှင့် လူနာစောင့်များအား အပူဒဏ်အန္တရာယ်မှ ဆောင်ရန်၊ ရှောင်ရန်များအား ကျန်းမာရေးပညာပေးဟောပြောခြင်းများကို မြို့နယ်ဆေးရုံနှင့် တိုက်နယ်ဆေးရုံ ငါးရုံတွင် ဆောင်ရွက်ထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ထန်းတပင်မြို့နယ်၌ အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်



ပဲခူး မေ ၅

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး လိုက်လံနှိုးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ယနေ့နံနက်ပိုင်းက မြို့မစည်ပင်သာယာဈေးနှင့် လူစည်ကားရာ နေရာများတွင် ပြုလုပ်သည်။

ထိုသို့ နှိုးဆော်ရာတွင် အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ဂနာမငြိမ်ခြင်း၊ ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ နှုံးချည့်ပျော့ခွေခြင်း၊ အလွန်အမင်းရေဆာခြင်း၊ ခန္ဓာကိုယ် အပူချိန်မြင့်တက်ခြင်းတို့ ဖြစ်ပေါ်နိုင်သဖြင့် အပူဒဏ်အန္တရာယ် ကျရောက်သည့်လူနာကို အရေးပေါ်ရှေးဦးပြုစုခြင်း စသည့် အပူဒဏ်အန္တရာယ်အကြောင်း သိကောင်းစရာများ၊ လိုက်နာရန်အချက်များ၊ ရှောင်ရန်အချက်များကို အသိပညာပေး နှိုးဆော်ပြီး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သာယာဝတီမြို့ပြည်သူ့ဆေးရုံနှင့် စံရွေးတိုက်နယ်ဆေးရုံတွင် အပူဒဏ်ကာကွယ်ရေးကုသနိုင်ရန် ကြိုတင်ပြင်ဆင်ထားရှိ

သာယာဝတီ မေ ၅

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ အပူဒဏ်ကြောင့် ဖြစ်ပေါ်တတ်သောရောဂါများဖြင့် ပြည်သူ့ဆေးရုံများသို့ လာရောက်ပြသသော လူနာများအား လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း ယနေ့နံနက်ပိုင်းက သိရသည်။



သို့ဖြစ်ရာ သာယာဝတီမြို့ ပြည်သူ့ဆေးရုံနှင့် သာယာဝတီမြို့နယ် စံရွေးတိုက်နယ်ဆေးရုံတို့တွင် လူနာများလက်ခံကုသပေးမည့်နေရာ ကြိုတင်စီစဉ်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ဖြည့်ဆည်း ပြင်ဆင်ထားရှိခြင်း၊ လူနာများအား ကျန်းမာရေးပညာပေးခြင်းအပါအဝင် အပူဒဏ်အန္တရာယ်နှင့် ပတ်သက်သော ကျန်းမာရေးပြဿနာများကာကွယ် ကုသရေးအတွက် လုပ်ငန်းများကို အချိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❈ စာမျက်နှာ ၁၂ မှ

သို့သော် အိပ်ရေးပျက်ခြင်းသည် ကိုယ်ခံအားကို ကျဆင်းစေပြီး နောက်တစ်နေ့တွင် အပူဒဏ်ကို ပိုမိုခံနိုင်ရည်မရှိအောင် ပြုလုပ်လိုက်သကဲ့သို့ဖြစ်စေပါသည်။ ထို့ကြောင့် ညဘက်တွင် လေဝင်လေထွက်ကောင်းအောင်ပြင်ဆင်ပြီး အိပ်ရေးဝဝ အိပ်စက်ခြင်းဖြင့် ခန္ဓာကိုယ်၏ဆဲလ်များကို ပြန်လည်အားဖြည့်ပေးရန် လိုအပ်ပါသည်။ နေ့ခင်းဘက်တွင်လည်း ခဏတာမျှမေးစက်အနားယူခြင်းက စိတ်ဖိစီးမှုကို လျှော့ကျစေပါသည်။

**အိမ်တွင်းလေဝင်လေထွက်နှင့် သန့်ရှင်းမှု**

မိမိတို့နေထိုင်ရာပတ်ဝန်းကျင်သည် အပူဒဏ်ကို အတားအဆီးဖြစ်စေရန် အရေးကြီးပါသည်။ နေအိမ်အတွင်း လေလှောင်မနေစေရန် ပြတင်းပေါက်များကို စနစ်တကျ ဖွင့်လှစ်ထားရပါမည်။ သို့သော် နေရောင်ခြည်တိုက်ရိုက်ဝင်သော အချိန်များတွင် လိုက်ကာများချထားခြင်းဖြင့် အပူရှိန်ကို လျှော့ချနိုင်ပါသည်။ အဲကွန်းအသုံးပြုပါကလည်း အပြင်အပူချိန်နှင့် အတွင်းအပူချိန် အလွန်အမင်း ကွာခြားမှုမရှိစေရန် (ဥပမာ- 25°C ဝန်းကျင်) ချိန်ညှိအသုံးပြုခြင်းသည် ကိုယ်ခန္ဓာအပူချိန်ပြောင်းလဲမှုကို ထိန်းညှိရာတွင် အထောက်အကူဖြစ်စေပါသည်။

**ရေချိုးခြင်းနှင့် ခန္ဓာကိုယ်အပူချိန် ထိန်းညှိခြင်း**

ရေချိုးခြင်းက ခန္ဓာကိုယ်၏ အပူချိန်ကို တိုက်ရိုက်လျှော့ချပေးနိုင်သော အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်ပါသည်။ နွေရာသီတွင် တစ်နေ့လျှင် နှစ်ကြိမ်ခန့် ရေချိုးပေးခြင်းဖြင့် လန်းဆန်းမှုကို ရရှိစေနိုင်ပါသည်။ သို့သော် သတိပြုရန်မှာ နေပူထဲမှပြန်လာခါစ ချွေးရွှဲနေချိန် သို့မဟုတ် ခန္ဓာကိုယ် အလွန်ပူနေချိန်တွင် ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ရပါမည်။ ထိုသို့မလုပ်ဆောင်ပါက အပူအအေး မမျှတသဖြင့် အဖျားဝင်ခြင်း သို့မဟုတ် သွေးလန့်ခြင်းများ ဖြစ်နိုင်သောကြောင့် အပူရှိန်လျော့ပါးသွားမှသာ ရေချိုးသင့်ပါသည်။

**လမ်းဘေးစာများနှင့် ဖျော်ရည်များ၏ ဘေးထွက်ဆိုးကျိုး**

**နွေရာသီ၌ လမ်းဘေးတွင် ရောင်းချသော ရေခဲမုန့်များ၊ ဖျော်ရည်များနှင့် အအေးစာများကို လူကြိုက်များတတ်သော်လည်း ယင်းတို့တွင် အသုံးပြုထားသော ရေခဲနှင့် ရေသည် သန့်ရှင်းမှု ရှိ၊ မရှိကို အထူး သတိထားရပါမည်။ မသန့်ရှင်းသော ရေခဲများက ဝမ်းကိုက်ရောဂါနှင့် တိုက်ဖွိုက်(အူရောင်ငန်းဖျား) ရောဂါများကို ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် တတ်နိုင်သမျှ မိမိအိမ်တွင် ကိုယ်တိုင်ပြင်ဆင်ထားသော သန့်ရှင်းသည့် အအေးစာများကိုသာ စားသုံးခြင်းက ကျန်းမာရေးအတွက် ပိုမိုစိတ်ချရပါသည်။**

**အမဲသားနှင့် အပူစာများကို လျှော့ချစားသုံးခြင်း**

အစားအသောက်သည် ခန္ဓာကိုယ်၏ အတွင်းပိုင်းအပူရှိန်အပေါ် များစွာသက်ရောက်မှုရှိပါသည်။ အမဲသား၊ ဆိတ်သား၊ ပုစွန်နှင့် ဆီကြော်မုန့်များကဲ့သို့သော "အပူစာ" များက အစာခြေစနစ်ကို ပိုမိုအလုပ်လုပ်စေပြီး ကိုယ်တွင်းအပူကို မြင့်တက်စေပါသည်။ ထို့ကြောင့် နွေရာသီတွင် အသားများကို လျှော့စားပြီး အစာကြေလွယ်သော ဟင်းသီးဟင်းရွက်များ၊ ချဉ်ရည်ဟင်းများနှင့် သဘာဝအအေးစာများကိုသာ ဦးစားပေးစားသုံးခြင်းဖြင့် ခန္ဓာကိုယ်ကို ပေါ့ပါးလန်းဆန်းနေစေမည်ဖြစ်ပါသည်။

**အပူဒဏ်ကြောင့် စိတ်တိုလွယ်ခြင်းနှင့် စိတ်ကျန်းမာရေး**

ပြင်းထန်သောအပူရှိန်သည် ရုပ်ပိုင်းဆိုင်ရာကိုသာမက စိတ်ပိုင်းဆိုင်ရာကိုလည်း သိသိသာသာ ထိခိုက်စေပါသည်။ လူအများသည် အပူဒဏ်ကြောင့် စိတ်တိုလွယ်ခြင်း၊ စိတ်မရှည်ခြင်းနှင့် ဒေါသထွက်လွယ်ခြင်းများကို ခံစားရတတ်ပါသည်။ ဤသို့မဖြစ်စေရန် စိတ်ကိုတည်ငြိမ်အောင်ထားခြင်း၊ အေးမြသောနေရာတွင် အနားယူခြင်းနှင့် သီချင်းနားထောင်ခြင်းကဲ့သို့သော စိတ်ကိုအပန်းပြေစေမည့် အလုပ်များကို ပြုလုပ်သင့်ပါသည်။ စိတ်ကျန်းမာရေးကောင်းမွန်ခြင်းသည်လည်း အပူဒဏ်ကို ကြံ့ကြံ့ခံနိုင်ရန် အထောက်အကူပြုပါသည်။

**အရေးပေါ်အခြေအနေအတွက် အိမ်သုံးဆေးသေတ္တာ ပြင်ဆင်ခြင်း**

နွေရာသီတွင် မမျှော်လင့်ဘဲ ကျန်းမာရေးပြဿနာများ ကြုံတွေ့ရနိုင်သဖြင့် အိမ်သုံးဆေးသေတ္တာကို ကြိုတင်ပြင်ဆင်ထားသင့်ပါသည်။ အပူကြောင့် ရေဓာတ်ခန်းခြောက်ပါက အသုံးပြုရန် ဓာတ်ဆားထုပ်များ၊ အဖျားတက်ပါက သောက်ရန် အဖျားပျောက်ဆေးနှင့် နေလောင်ခြင်းအတွက် လိမ်းဆေးများကို အသင့်ဆောင်ထားရပါမည်။ ထိုသို့ ပြင်ဆင်ထားခြင်းဖြင့် အရေးပေါ်အခြေအနေများတွင် ထိတ်လန့်ခြင်းမရှိဘဲ အချိန်မီကိုင်တွယ်ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။

**ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် အရိပ်ရပင်များ**

နွေရာသီ၏ အပူဒဏ်ကို ရေရှည်ကာကွယ်ရန် အကောင်းဆုံးနည်းလမ်းမှာ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်းပင်ဖြစ်ပါသည်။ မိမိတို့၏ အိမ်ဝင်းအတွင်းနှင့် ပတ်ဝန်းကျင်တွင် အရိပ်ရသစ်ပင်များစိုက်ပျိုးခြင်းသည် အပူရှိန်ကို သိသိသာသာ လျော့ကျစေနိုင်ပါသည်။ သစ်ပင်များသည် လေထုကို အေးမြစေရုံသာမက စိတ်ကိုလည်း ကြည်လင်စေပါသည်။ ထို့ကြောင့် ယခုနှစ် နွေရာသီကိုကျော်ဖြတ်ရင်း နောင်လာမည့် နွေရာသီများအတွက် စိမ်းလန်းစိုပြည်သော ပတ်ဝန်းကျင်တစ်ခုကို စုပေါင်းတည်ဆောက်သွားကြရန် တိုက်တွန်းလိုပါသည်။

ဆိုရပါလျှင် နွေရာသီ၏ အပူဒဏ်သည် နေ့စဉ်ဘဝနှင့် ကျန်းမာရေးအပေါ် များစွာသက်ရောက်မှုရှိနေပါသည်။ သို့သော်လည်း စနစ်တကျ ကြိုတင်ပြင်ဆင်ခြင်း၊ သန့်ရှင်းလတ်ဆတ်သော အစားအသောက်များကို ရွေးချယ်စားသုံးခြင်းနှင့် ရေဓာတ်ကို လုံလောက်စွာဖြည့်ဆည်းခြင်းတို့ဖြင့် ထိုစိန်ခေါ်မှုများကို အောင်မြင်စွာကျော်လွှားနိုင်ပါသည်။ ကျန်းမာခြင်းသည် လာဘ်တစ်ပါး ဖြစ်သည်နှင့်အညီ မိမိကိုယ်တိုင်သာမက မိမိပတ်ဝန်းကျင်ရှိသူများကိုပါ အပူဒဏ်အန္တရာယ်မှကာကွယ်နိုင်ရန် ဗဟုသုတများကိုမျှဝေပြီး ကျန်းမာရေးနှင့်အညီ နေထိုင်သွားကြပါစို့ဟု တိုက်တွန်းနှိုးဆော် ရေးသားလိုက်ရပါသည်။ ။

# ရခိုင်ပြည်နယ်သို့ ပို့ဆောင်မည့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၅**

နိုင်ငံတော် အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ် လူငယ်များအပါအဝင် လူသားမျိုးနွယ်စု တစ်ခုလုံးအား အန္တရာယ်ဖြစ်စေသည့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများအား ထိရောက်စွာ တားဆီးကာကွယ်တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မူးယစ်ဆေးဝါး သယ်ဆောင်လေ့ရှိသည့် လမ်းကြောင်းများ၌ စစ်ဆေးရှာဖွေဖော်ထုတ်ဖမ်းဆီးမှုများ တိုးမြှင့်လုပ်ဆောင်နေသကဲ့သို့ အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်း၍ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ပူးတွဲ စစ်ဆင်ရေးများကို ဆောင်ရွက်ခြင်း များကြောင့် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်း/ဝယ်သူများသည် စစ်ဆေးရေးဂိတ်များကို ရှောင်ကွင်းသည့် လမ်းကြောင်းများအား ပြောင်းလဲအသုံးပြုလာသည်ကို တွေ့ရှိရသည်။

၂၀၂၆ ခုနှစ် ဧပြီ ၄ ရက်တွင် တာဝန်သိ ပြည်သူတစ်ဦး၏ သတင်းပေးချက်အရ ရမည်းသင်းမြို့မှ ပဒါန်းမြို့သို့ မူးယစ်ဆေးဝါးများ ပို့ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တရားခံဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ နတ်မောက်မြို့နယ် ရွာတော်စစ်ဆေးရေးဂိတ်၌ တရားခံ မျိုးမင်းအောင်နှင့်အတူ TOYOTA PRADO ယာဉ်အား လည်းကောင်း၊ နတ်မောက်မြို့နယ် စိုင်ကောင်းကျေးရွာအနီး၌ တရားခံ မင်းမင်းခိုင် မောင်းနှင်၍ လှိုင်ဝင်းလိုက်ပါလာသည့် ထော်လာဂျီယာဉ်အား လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ယာဉ်ပေါ်တွင် ထုံးအိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် ဆာလာအိတ် ၃၉ အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၈ သိန်း (ကာလတန်ဖိုးငွေကျပ် ၁၁ ဒသမ ၇ ဘီလီယံခန့်)အား ဖမ်းဆီးရမိခဲ့သည်။



နတ်မောက်မြို့နယ် စိုင်ကောင်းကျေးရွာအနီး၌ တရားခံသုံးဦးနှင့်အတူ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားထုပ်ပိုးမှုပုံစံကို တွေ့ရစဉ်။

ဖြစ်စဉ်တွင် တရားခံ အမျိုးသား သုံးဦး၊ မော်တော်ယာဉ် နှစ်စီး၊ စိတ်ကြွရူးသွပ်ဆေးပြား ၇၈ သိန်း (တစ်ပြားလျှင် ၁၅၀၀ ကျပ်) ကာလတန်ဖိုးငွေကျပ် ၁၁ ဒသမ ၇ ဘီလီယံခန့်တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန် တရားခံဖြစ်သည့် ပင်လောင်းမြို့နယ် တီဂျစ်ကျေးရွာနေ ကျော်ဝင်းအောင် (ခ)ပအို့ဝ် (ဖမ်းဆီးရန်ကျန်)မှ ဝမ်ဟိုင်းဒေသရှိ မူးယစ်ဆေးဝါးများအား ၎င်း၏ အစီအစဉ်ဖြင့် ကလောမြို့နယ် ဘွန်ယွာကျေးရွာအနီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ကျော်ဝင်းအောင် (ခ)ပအို့ဝ် (ဖမ်းဆီးရန် ကျန်)၏ ခိုင်းစေချက်ဖြင့် မျိုးမင်းအောင်၊ မင်းမင်းခိုင်နှင့် လှိုင်ဝင်းတို့က ဖမ်းဆီးရမိ ထော်လာဂျီယာဉ်ဖြင့် ဘွန်ယွာကျေးရွာမှ တစ်ဆင့် ရမည်းသင်း- ပျော်ဘွယ်- နတ်မောက်-မကွေးလမ်းကြောင်း အတိုင်း ပဒါန်းမြို့နယ်သို့ ပို့ဆောင်မည်ဖြစ်ကြောင်းနှင့် ပဒါန်းမြို့နယ်မှတစ်ဆင့် ရခိုင်ပြည်နယ် အမ်းမြို့ရှိ AAသောင်းကျန်းသူအဖွဲ့ မြို့နယ်မှူးအဆင့်ရှိ(စိစစ်ဆဲ) ထံသို့ ပို့ဆောင်မည်ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပြီး တရားခံပြေးများအပါအဝင်ဆက်စပ် တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် မူးယစ်ဆေးဝါး သယ်ဆောင်သည့် သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ပူးပေါင်းပါဝင်ဖမ်းဆီးပေးသူများအား ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



တရားခံ မျိုးမင်းအောင်



တရားခံ မင်းမင်းခိုင်



တရားခံ လှိုင်ဝင်း



ဖမ်းဆီးရမိ ယာဉ်အမှတ် MDY-20/1F-2504 TOYOTA PRADO ခဲရောင်(လိုင်စင်မဲ့)ယာဉ်ကို တွေ့ရစဉ်။



မူးယစ်ဆေးဝါးများတင်ဆောင်လာသည့် MDY/ 9V-54836 ထော်လာဂျီ စိမ်းပုတ်ရောင် (လိုင်စင်မဲ့) ယာဉ်ကို တွေ့ရစဉ်။

# မန္တလေးနှင့် ကလေးမြို့တို့တွင် တရားမဝင်သယ်ဆောင်ရောင်းဝယ်သည့် ငွေကျပ် တစ်ဘီလီယံကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၄ ဒသမ ၈ တန်ကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၅**

မန္တလေးနှင့် ကလေးမြို့တို့တွင် တရားမဝင် သယ်ဆောင်ရောင်းဝယ်သည့် ငွေကျပ် တစ်ဘီလီယံကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၄ ဒသမ ၈ တန်ကျော် သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၁ ရက် ညနေ ၄ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက် ၂၆ လမ်း၊ ၅၇ လမ်းနှင့် ၅၈ လမ်းကြားရှိ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေရာ အိမ်ရှင်ကိုဦးနှင့်အတူ ဇော်ဝင်းနိုင်(ခ)ဖိုးသားတို့အား တရားမဝင် သိုလှောင်ထားသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၁ ဒသမ ၀၂၅ တန်၊ TOYOTA HILUX SURF ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ကဖင်းများကို စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ မန္တလေးမြို့သို့ NISSAN ခြောက်ဘီးယာဉ်ဖြင့် သယ်ဆောင်ခဲ့ကြသည့် ယာဉ်ပိုင်ရှင် မတင့်တင့်အေး၊ နိုင်လင်း၊ ဖြိုးကိုကိုနှင့် နိုင်ချမ်းအောင်တို့ လေးဦးကို မန္တလေးမြို့၌ ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့၏ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ ကဖင်းများကို ကလေးမြို့မှ မန္တလေးမြို့သို့ သယ်ဆောင်ခိုင်းသူ ညီညီဇော်(ခ)ဖိုးငယ်အား ကလေးမြို့ မြို့သာ




တရားခံ ဇော်ဝင်းနိုင်(ခ)ဖိုးသား၊ ကိုဦး၊ နိုင်လင်း၊ ဖြိုးကိုကို၊ နိုင်ချမ်းအောင်နှင့် မတင့်တင့်အေးတို့အား မန္တလေးမြို့တွင် သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၁ ဒသမ ၀၂၅ တန်နှင့်အတူ တွေ့ရစဉ်။

ရပ်ကွက်ရှိနေအိမ်တွင် ထိန်းချုပ်ဓာတုပစ္စည်းများ သယ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် SANGDA KSD MPV ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ယင်း၏ ဖော်ထုတ်ချက်အရ ကလေးမြို့နေ ကဖင်းအိတ်များပိုင်ရှင် မခင်မို့မို့အေး(ခ)အန်တီမိုးနှင့် ပူးပေါင်းပါဝင်ခဲ့သည့် နေမျိုးလင်း(ခ) ရှော့ကီ (ခ)မုတ်ဆိတ်၊ မကြွယ်သင်ပါးရ်အီး(ခ) ပါးရ်အီးနှင့် ခိုင်လင်းထွန်းတို့ကို ကလေးမြို့၌ ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်များအရ ကလေးမြို့ စမ်းမြို့ရပ်ကွက်ရှိ လားရင်မွှာနာ (ခ) မွမ်သဲ၏နေအိမ်မှ ကဖင်း ၃ ဒသမ ၈ တန် ထပ်မံဖော်ထုတ် သိမ်းဆည်းရမိခဲ့သဖြင့် မန္တလေးမြို့၌ သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်းကဖင်း ၁ ဒသမ ၀၂၅ တန် (တစ်ကီလိုလျှင် ငွေကျပ် ၄ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၄၁၀၀)၊ ကလေးမြို့တွင် သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်းကဖင်း ၃ ဒသမ ၈ တန် (တစ်ကီလိုလျှင်ငွေကျပ် ၃ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၁၄ ဘီလီယံ) စုစုပေါင်း ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၄ ဒသမ ၈၂၅ တန် (၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၅၅ ဘီလီယံ) သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ ထိန်းချုပ်ဓာတုပစ္စည်းကဖင်းများကို မြန်မာ-အိန္ဒိယနယ်စပ် ချင်းပြည်နယ် ဖလမ်းမြို့နယ် ရိဒ်ခေါဒါရ်မြို့မှ ကလေးမြို့သို့ လည်းကောင်း၊ ကလေးမြို့မှ မန္တလေးမြို့သို့လည်းကောင်း တရားမဝင်တင်သွင်း သယ်ဆောင်ရောင်းဝယ်သူမှာ ချင်းပြည်နယ် ဖလမ်းခရိုင် ရိဒ်ခေါဒါရ်မြို့ မြန်မာ-အိန္ဒိယနယ်စပ်နေ မမားစောဆန်းအီး(ခ) ဆန်းအီး(ခ)သဲသဲ(ဖမ်းဆီးရန်ကျန်)ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင်ပါဝင်ခဲ့သည့် တရုတ်နိုင်ငံသားနှစ်ဦးအား ထပ်မံဖမ်းဆီးရမိ



တန့်ယန်းမြို့နယ်အတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ခဲ့သည့် တရုတ်နိုင်ငံသား နှစ်ဦးအား ထပ်မံဖမ်းဆီးရမိစဉ်။

နေပြည်တော် မေ ၅

မြန်မာနိုင်ငံအစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက် ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ အဆိုပါ ဒုစရိုက်မှုနှိမ်နင်းရေးလုပ်ငန်းများကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို လက်ခံနိုင်ခြင်းမရှိသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုများနှင့်အတူ လုံခြုံရေးပူးပေါင်းအဖွဲ့များက အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ ဝင်ရောက်အခြေပြုနေထိုင်ခြင်း မရှိစေရန်အတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်အတွင်း လိုအပ်သည့် စုံစမ်းစစ်ဆေးခြင်းနှင့် ရှာဖွေဖော်ထုတ်ခြင်းများကို လုပ်ဆောင်စဉ် အဆိုပါမြို့၏ အရှေ့မြောက်ဘက် မိုင်၁ ၂၅၀၀ ခန့်အကွာ ကောင်းဆန်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများနှင့် နေထိုင်အသုံးပြုလျက်ရှိသည့် အဆောက်အအုံများကို ရှာဖွေဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည့် သတင်းအား မေ ၄ ရက်တွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။

ယနေ့ မေ ၅ ရက်တွင်လည်း လုံခြုံရေးပူးပေါင်းအဖွဲ့များက အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူများ ဝင်ရောက်အခြေပြုနေထိုင်ခြင်း မရှိစေရန်အတွက် ဆက်လက်ရှာဖွေဖော်ထုတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် ကောင်းဆန်ကျေးရွာအနီး ယမန်နေ့က ဖမ်းဆီးရမိခဲ့သည့် နေရာ၏ မြောက်ဘက်မီတာ ၁၂၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ခဲ့သည့် တရုတ်နိုင်ငံသား အမျိုးသား နှစ်ဦးအား ထပ်မံတွေ့ရှိ ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင်ပါဝင်သည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



## ကြံခင်းမြို့နယ်၌ သမဝါယမအသင်းသားများအား မျိုးမြေပဲနှင့်သွင်းအားစုများ ထောက်ပံ့ပေးအပ်

ကြံခင်း မေ ၅

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်ရှိ သမဝါယမအသင်းသားများအား အရင်းမပျောက်မတည်ငွေ(သတ္တမအကြိမ်) မျိုးမြေပဲနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အလုံကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။

ဦးစွာ သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စိုးမင်းက ကြံခင်းမြို့နယ်အတွင်း အသင်း ရှစ်သင်း၊ အသင်းသား ၂၈၇ ဦး၏ မြေပဲစိုက်ဧက ၃၉၄ ဧကအတွက် ငွေကျပ် ၃၉၄ ဒသမ ၁ သိန်းနှင့်ညီမျှသော မျိုးနှင့် သွင်းအားစုများကို တောင်သူများ အဆင်ပြေစေရန် ပေးအပ်ခြင်းဖြစ်ပါကြောင်းပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ(ခေတ္တ)ဥက္ကဋ္ဌ ဦးကျော်မင်းထက်နှင့် သမဝါယမဦးစီးဌာနမှ မြို့နယ် ဦးစီးမှူးတို့က လုပ်ငန်းဆိုင်ရာကိစ္စများ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အတွင်း ကျေးရွာ ရှစ်ရွာရှိ သမဝါယမအသင်းသား တောင်သူများအား မျိုးမြေပဲနှင့် သွင်းအားစုများကို တောင်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်းသည်။ ဖြိုးဝေလင်း(ပြန်/ဆက်)

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ သောက်သုံးရေများ လှူဒါန်း

ရန်ကုန် မေ ၅

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ သောက်သုံးရေလိုအပ်လျက်ရှိသော ပြည်သူများအား ယနေ့နံနက်ပိုင်းက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မီးသတ်ဦးစီးဌာနမှ ရပ်ကွက်အတွင်းသို့ ရေများလှူဒါန်းပေးခဲ့သည်။

### လှူဒါန်း

ထိုသို့ ဆောင်ရွက်ရာတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) (၄၈)ရပ်ကွက် ရှင်တရာလမ်းနှင့် သခင်အုန်းဖေကြီးလမ်းအတွင်းရှိ သောက်သုံးရေ လိုအပ်လျက်ရှိသော ပြည်သူများအား မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးတင်ထွန်းအောင် ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင် ငါးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ငါးဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ ပူးပေါင်း၍ မီးသတ်ရေသယ်ယာဉ် တစ်စီးဖြင့် ရေဂါလန် ၃၂၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

မြင့်မြင့်ရီ(ပြန်/ဆက်)





## အင်္ဂပူမြို့နယ်၌ မျိုးမြေပဲနှင့် သွင်းအားစုများပေးအပ်

အင်္ဂပူ မေ ၅

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်၌ မြေပဲစိုက် သမဝါယမအသင်းသားများအား (သတ္တမအကြိမ်)မျိုးမြေပဲနှင့် သွင်းအားစုများ ပေးအပ်ပွဲကို ယနေ့ မွန်းလွဲပိုင်းက အုတ်ရှစ်ကုန်းကျေးရွာနှင့် ဘုရားငုတ္တိုကျေးရွာတို့တွင် ပြုလုပ်သည်။

### ရှင်းလင်းတင်ပြ

ဦးစွာ သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စိုးမင်းနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မိုးတို့က အမှာစကားများပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိဒေါ်မို့မို့ခိုင်က သမဝါယမအသင်းလုပ်ငန်းများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် အုတ်ရှစ်ကုန်းကျေးရွာနှင့် ဘုရားငုတ္တိုကျေးရွာတို့မှ မြေပဲစိုက် သမဝါယမအသင်းသား ၆၉ ဦး၏ မြေပဲစိုက်ဧက ၁၉၂ ဧကအတွက် တိုင်းဒေသကြီးဘတ်ဂျက်ရန်ပုံငွေကျပ်သိန်း ၄၈၀ နှင့်ညီမျှသော မျိုးမြေပဲနှင့် သွင်းအားစု ဓာတ်မြေသြဇာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မန်းကျော်(ပြန်/ဆက်)



## တောင်ကြီးမြို့၌ ရုရှားနေကြာစမ်းသပ်စိုက်ခင်းအား ကွင်းဆင်းကြည့်ရှု

တောင်ကြီး မေ ၅

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် ဆူးပုတ်ကွေ့ကျေးရွာရှိ သိန်းဓနထွန်းလယ်ယာနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းနှင့် ညောင်ရွှေမြို့နယ် မိုင်းသောက်ကျေးရွာရှိ ပင်မြင့်စံငွေစုငွေချေး သမဝါယမအသင်းတို့မှ စိုက်ပျိုးထားသော ရုရှားနေကြာမျိုး စမ်းသပ်စိုက်ခင်းအား ရှမ်းပြည်နယ် သမဝါယမဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် အသင်းမှ တာဝန်ရှိသူများသည် အသင်းသားများ စိုက်ပျိုးထားသည့် ရုရှားနေကြာ စမ်းသပ်စိုက်ပျိုးထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

### ကွင်းဆင်းကြည့်ရှု

ထိုသို့ ကြည့်ရှုရာတွင် ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်က အပင်၏ အသက်ရက်အလိုက် ကျွေးရမည့်အစာအာဟာရများ အချိုးကျ အချိန်ကိုက်ကျွေးရန်၊ ပိုးမွှားရောဂါ မကျရောက်စေရေး အထူးဂရုပြု ဆောင်ရွက်ရန်၊ ရာသီကုန်ချိန်တွင် သတ်မှတ်အထွက်နှုန်းရရှိရေး ဦးတည်ကြိုးပမ်း ကြပ်မတ်ဆောင်ရွက်သွားကြရန်နှင့် အပွင့်ပွင့်ချိန် အပွင့်အားဆေး၊ ၄ကံ၊ ကြွက်ရန် ကာကွယ်ရေး၊ ရေလုံလောက်စွာရရှိရေး၊ ပျားပုံးများထားရှိမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ဝိုးတောင်း

# သာကေတမြို့နယ် ဇိနမာရ်အောင်စေတီတော်မြတ်ကြီးနှင့် အရံစေတီရှစ်ဆူတို့အား ရွှေသင်္ကန်းကပ်လှူရေးနှင့် ဘက်စုံပြုပြင်ရေးအတွက် အလှူငွေပေးအပ်ပွဲကျင်းပ



ရန်ကုန် ဧပြီ ၅

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ဇိနမာရ်အောင်စေတီတော်မြတ်ကြီးနှင့် အရံစေတီရှစ်ဆူတို့အား စတုတ္ထအကြိမ် ရွှေသင်္ကန်းကပ်လှူရေးနှင့် ဘက်စုံပြုပြင် တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါ စေတီတော်ကြီး အနောက်ဘက်တန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်နှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ထားသူများ တက်ရောက်ကြသည်။ ဆက်လက်၍ အလှူငွေပေးအပ်ပွဲကျင်းပရာ အလှူရှင် မေတ္တာပြည့်လျှံ သာသနာပြုအဖွဲ့က အလှူတော်ငွေကျပ်သိန်း ၁၂၅၀ ကို ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူပြီးဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)



# ပေါင်မြို့နယ်၌ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့်စာအောင်သံဃာတော်များအား စူဠဘွဲ့နှင်းသဘင် ဂုဏ်ပြုပူဇော်ပွဲကျင်းပ

ပေါင် ဧပြီ ၅

မွန်ပြည်နယ် ပေါင်မြို့နယ်၌ နိုင်ငံတော်ကချီးမြှင့်သည့် ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများနှင့် ၂၀၂၅ ခုနှစ် စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်သော စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကဒါရပ်ကွက် သာသနဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပေးကာ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒောဘာသထံမှ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးထင်လင်းအောင်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး သက်ဆိုင်ရာတာဝန်ရှိသူတို့က ဘွဲ့တံဆိပ်တော်များနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။ ၂၀၂၅ ခုနှစ် စာအောင်သံဃာတော်နှင့် သီလရှင် စုစုပေါင်း ၇၆ ပါးတို့အား ဘွဲ့တံဆိပ်နှင့်ဆုများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဆွမ်းဆန်စိမ်းများလောင်းလှူခဲ့ကြောင်း သိရသည်။ မွန်မလေး(ပြန်/ဆက်)

# ပေါက်ခေါင်းမြို့နယ်၌ အကြိမ်(၄၀)မြောက် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

ပေါက်ခေါင်း ဧပြီ ၅

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် အကြိမ်(၄၀)မြောက် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၃)ရပ်ကွက် မဟာသန္တာဝါသသာသနဗိမာန်တော်၌ ကျင်းပသည်။

**ဆက်ကပ်လှူဒါန်း**

ဦးစွာ ပေါက်ခေါင်းမြို့ ပညာဇောတာရုံစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တမဟိန္ဒ အရှင်သူမြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်သူဦးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ၂၀၂၅ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်းတို့တွင် ထူးချွန်စွာအောင်မြင်တော်မူကြသော သာသနာ့အာဇာနည် အရှင်သူမြတ်တို့အား အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုများကို ဌာနဆိုင်ရာတာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြသည်။



ဆက်လက်၍ ပါဠိပထမပြန်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်တော်မူကြသော သာသနာ့အာဇာနည် အရှင်သူမြတ်တို့အား ဒါယကာ၊ ဒါယိကာမများက ဂုဏ်ပြုဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဖုန်းကျော်ဇင်(ပြန်/ဆက်)

# အုတ်တွင်းမြို့နယ်၌ စာအောင်သံဃာတော်များအား စူဠဘွဲ့နှင်းသဘင် ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကျင်းပ

အုတ်တွင်း ဧပြီ ၅

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်တွင် ၂၀၂၅ ခုနှစ် အစိုးရပါဠိပထမပြန် စာမေးပွဲဖြေဆို အောင်မြင်ခဲ့ကြသော ရဟန်း၊ သာမဏေများအား စူဠဘွဲ့နှင်းသဘင် ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ဗောဓိကုန်းကျောင်းတိုက်ရှိ ဝိဇ္ဇာသမိဒ္ဓိ မဟာရွှေကံသာကျောင်းတော်၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအဏ္ဏဝါအောင်က သာသနာရေး ဆိုင်ရာများ လျှောက်ထားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်(၂)ဦးတင်ယုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် အစိုးရ ဓမ္မာစရိယကျမ်း သုံးကျမ်း အောင်မြင်သော သံဃာတော်နှစ်ပါး၊ ကျမ်းနှစ်ကျမ်း အောင်မြင်သော သံဃာတော်ခုနစ်ပါး၊ ကျမ်းတစ်ကျမ်းအောင်မြင်သော သံဃာတော်ခြောက်ပါး၊ သာမဏေ ပထမလတ်တန်းငါးပါး၊ သာမဏေ ပထမငယ်တန်းလေးပါး အခြေပြုမူလတန်းခြောက်ပါး စုစုပေါင်း စာအောင်သံဃာတော် အပါး ၃၀ တို့အား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအဏ္ဏဝါအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အိအိထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များက စာအောင်လက်မှတ်၊ စာအောင်ဆုများနှင့် နဝကမ္မစုစုပေါင်း ငွေကျပ် ၈၀၇၅၀၀၀ တို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြပြီး ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ လူရည်ချွန်တို့အား ဂုဏ်ပြုပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၅

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ လူရည်ချွန်အဖြစ် ရွေးချယ်ခံရသော နှစ်ထပ်ကွမ်း လူရည်ချွန်နှင့် လူရည်ချွန်တို့အား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပသည်။



အခမ်းအနားတွင် ကျောင်းသားကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် ဂုဏ်ပြုသီဆိုကာ မြို့နယ်ပညာရေးမှူး ဦးသက်ဦးကြွယ်က အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီရုံး အဖွဲ့မှူး ဦးဝင်းသိန်းက ကျောင်းစာကြည့်တိုက်အတွက် စာအုပ်၊ စာစောင် ၁၀၀ အား လှူဒါန်းခဲ့ပြီး Grade–10 မှ နှစ်ထပ်ကွမ်း လူရည်ချွန် မောင်ချမ်းမြေ့ဇင်နှင့် Grade–9 မှ လူရည်ချွန် မောင်ရဲကျော်စွာနိုင်တို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ကြရာ လူရည်ချွန် ကျောင်းသားနှစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ကျောင်းသားကျောင်းသူများက ဖျော်ဖြေရေးအစီအစဉ်များဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။ **အေးမချို**

မြန်မာနှစ်သစ်ကူးကိုကြိုဆိုသောအနေဖြင့် နှစ်သစ်ကူးအကြိုစတုဒိသာကျွေးမွေးလှူဒါန်းပွဲကို ဧပြီ ၅ ရက် နံနက်ပိုင်းက ဗိုလ်ချုပ်အောင်ဆန်းဈေး၌ကျင်းပရာ အလှူရှင်ဦးမောင်မောင်ဆန်း (မောင်မောင်ဆန်း ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်) Best and Shine ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်တို့က ဈေးအတွင်းရှိ အများပြည်သူများအတွက် ကြက်သားထမင်းဘူး ၁၅၀၀ စာကျွေးမွေးလှူဒါန်းစဉ်။

အောင်ကျော်မိုး(ပြန်/ဆက်)



**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဉာဏ်ရည်တုလှိုင်းများ

✻ နီဇော်သစ် ✻

လူ့သမိုင်းကို လှိုင်းများနှင့် နှိုင်းယှဉ်တင်ပြသည့် ပုံစံမျိုးကို ကျွန်တော်တို့ ပထမဆုံး တွေ့မြင်ရသည်မှာ အယ်လ်ဗင်တော့ဖလာ၏ တတိယလှိုင်း (The Third Wave) စာအုပ်ဖြစ်ပါလိမ့်မည်။ ထို့နောက်ပိုင်းတွင် အလားတူ လှိုင်းများအဖြစ် ဥပမာပြုပြီး သမိုင်းကို ပုံဖော်သည့် အရေးအသားများရှိလာသည်။ ယဉ်ကျေးမှုများ တိုးတိုက်မိခြင်း(The Clash of Civilizations) စာအုပ်ဖြင့် လူသိပိုများသည့် ဆင်မြူရယ် ဟန်တင်တန်ကလည်း တတိယလှိုင်း (The Third Wave: Democratization in the Late Twentieth Century) ဆိုပြီး ရေးသားခဲ့သည်။ ဉာဏ်ရည်တုနည်းပညာပိုင်းတွင် အလားတူ ရေးသားခဲ့သည်က ဉာဏ်ရည်တုနည်းပညာကို ဦးဆောင်တိုးတက်စေခဲ့သူတစ်ယောက်လည်းဖြစ်၊ လက်ရှိမိုက်ခရိုဆော့ဖ်၏ အေအိုင်ဌာန စီအီးအို လည်းဖြစ်သည့် မူစတာဖာ ဆူလီမန်၏ ၂၀၂၃ ခုနှစ် ထုတ် နောက်လာမည့်လှိုင်း (The Coming Wave) စာအုပ်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်လည်း ဉာဏ်ရည်တုနည်းပညာ၏ ပါဝါပြန်လည်ဖြန့်ဝေမှု ပုံစံများကို ဆွေးနွေးတင်ပြရာတွင် လှိုင်းများ အဖြစ် ပုံဖော်လျှင် ပိုပြီးမြင်သာမည်ဟု ယူဆမိပါသည်။

တကယ်တော့ ဉာဏ်ရည်တုနည်းပညာကို လှိုင်းများအဖြစ် ခွဲထုတ်ပြခဲ့သည်မှာ ဆူလီမန်လိုပင် ဉာဏ်ရည်တုလောကထဲမှ အတွင်းလူတစ်ယောက် ဖြစ်သည့် လီကိုင်ဖူးဖြစ်သည်။ လီသည် ဉာဏ်ရည်တု နည်းပညာ ဂုရုကြီးတစ်ယောက်ဖြစ်သလို လက်ရှိ အချိန်တွင်လည်း ဆီနိုဗေးရှင်း ဗန်းချားဆိုသည့် တရုတ် ဉာဏ်ရည်တု နည်းပညာကုမ္ပဏီကို တည်ထောင်ကာ ဥက္ကဋ္ဌအဖြစ်ရော စီအီးအိုအဖြစ်ပါ ဦးဆောင်နေသူဖြစ်သည်။ သူက ၂၀၂၁ ခုနှစ်ထုတ် သူ့စာအုပ် အေအိုင် ၂၀၄၁ ( AI 2041) ထဲတွင် ဉာဏ်ရည်တုနည်းပညာ တိုးတက်ပျံ့နှံ့လာသည့် ပုံစံကို လှိုင်းများဖြင့် ခွဲပြခဲ့သည်။

ပထမလှိုင်းကို အင်တာနက်အေအိုင်ဟု သူက နာမည်ပေးထားပြီး ၂၀၁၀ ပြည့်နှစ်ဝန်းကျင်တွင် အစပြုထားသည်။ ဂူးဂဲလ်၊ အမေဇုန်၊ ဖေ့စ်ဘွတ် တို့တွင် သုံးထားသည့် ရှာဖွေရေး၊ ကြော်ငြာ၊ ဂိမ်းနှင့် ဖျော်ဖြေရေးများအတွက်သုံးသည့် အေအိုင်မျိုး ဖြစ်သည်။ ပျံ့နှံ့မှုကောင်းသော်လည်း ပါဝါအားနည်း သေးသည်။ သို့သော် လူတစ်ဦးတစ်ယောက် ချင်းစီအပေါ် အေအိုင်၏ သွယ်ဝိုက်လွှမ်းမိုးမှု စတင်သည့်လှိုင်းဖြစ်သည်။

ဒုတိယလှိုင်းကို သူက စီးပွားရေးအေအိုင်ဟု နာမည်ပေးထားပြီး ၂၀၁၄ ခုနှစ်ဝန်းကျင်တွင် အစပြုထားသည်။ ငွေကြေးဝန်ဆောင်မှု၊ ပညာရေး၊ အများပြည်သူဝန်ဆောင်မှု၊ ဆေးဘက်ဆိုင်ရာ၊ ကုန်စည်ထောက်ပို့လုပ်ငန်းပိုင်းတို့တွင် အေအိုင် ဝင်ရောက်လာသည့်ကာလဖြစ်သည်။ အများပြည်သူ နှင့် တိုက်ရိုက်ပတ်သက်လာပြီဖြစ်၍ ပါဝါပျံ့နှံ့မှု အလယ်အလတ်တန်းစားဖြစ်လာသလို ထိန်းချုပ် နိုင်စွမ်းကလည်း အလယ်အလတ်လောက်အထိ ရှိနေသေးသည်ဟု ဆိုနိုင်သည်။

တတိယလှိုင်းကို သူက သိမြင်နားလည်မှု အေအိုင်ဟု အမည်ပေးထားပြီး ၂၀၁၆ ခုနှစ် ဝန်းကျင် တွင်အစပြုထားသည်။ လုံခြုံရေး၊ လက်လီဈေးကွက်၊ စွမ်းအင်၊ အင်တာနက်နည်းပညာ၊ နည်းပညာမြင့် အိမ်များနှင့် မြို့ကြီးများတွင်သုံးလာသည့် အေအိုင် နည်းပညာကို ဆိုလိုသည်။ နည်းပညာဘက်မှ ကြည့်လျှင် ကွန်ပျူတာအမြင်နှင့် စကားသံနားလည် နိုင်စွမ်းတို့ အသက်ဝင်လာသည့်ကာလဖြစ်သည်။ ပါဝါပျံ့နှံ့မှုအားကောင်းလာသော်လည်း အလယ် အလတ်ဟုပင် ဆိုနိုင်သေးသည်။ ထိန်းချုပ်နိုင်စွမ်း လည်း အလယ်အလတ်လောက်တွင် ရှိနေသေး၍ ပင်။ ဥပမာပေးရလျှင် ဆီရီတို့၊ အလက်ဇာတို့လို မျိုးဖြစ်သည်။ အေအိုင်သည် ကမ္ဘာကြီးကို အာရုံခံစားပြီး အဓိပ္ပာယ်ပြန်ဆိုနိုင်လာပြီဖြစ် သည်။

စတုတ္ထလှိုင်းကို သူက အလိုအလျောက်အေအိုင် ဟု အမည်ပေးထားပြီး ၂၀၁၈ ခုနှစ်ဝန်းကျင်တွင် အစပြုထားသည်။ စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်မှုနှင့် သယ်ယူပို့ဆောင်ရေးတို့တွင် အေအိုင်ပါဝင်လာသည့် ကာလဖြစ်သည်။ ဥပမာပေးရလျှင် မောင်းသူမဲ့ ဒရုန်းများ၊ မောင်းသူမဲ့ကားများနှင့် စက်ရုပ်များ ဖြစ်သည်။ ပါဝါပျံ့နှံ့မှုက အထူးပြုလုပ်ငန်းကြီးများ ဘက်သို့ ယိမ်းလာသည်။ ထိန်းကျောင်းဖို့ခက် လာသည်။ အေအိုင်ဦးဆောင်သည့် အလိုအလျောက် အလုပ်လုပ်သည့်စက်များ လက်တွေ့ကမ္ဘာထဲသို့ ဝင်ရောက်လာခြင်းဖြစ်သည်။

ဆိုခဲ့သလို သူ့စာအုပ်က ၂၀၂၁ ခုနှစ်တွင် ထုတ်ဝေခဲ့သည်ဖြစ်၍ လှိုင်းများမှာ ထိုနေရာတွင် ရပ်သွားသည်။ ယခု ကျွန်တော်တို့ရောက်နေသည်က ၂၀၂၆ ခုနှစ်။ ကြားထဲတွင် နောက်တစ်လှိုင်းရှိလာ ပြီဖြစ်သည်။ ထိုလှိုင်းမှာ ဂျင်နရေးတစ် အေအိုင်




ဖြစ်သည်။ လူတိုင်းသိနေသည့် နည်းပညာများနှင့် ပြောရလျှင် ချတ်ဂျီပီတီ၊ ဂျမနိုင်း၊ ကိုပိုင်းလော့တို့လို ဂျင်နရေးတစ် အေအိုင်များ၏ခေတ်ဖြစ်သည်။ တစ်ဖက်မှကြည့်လျှင် ပါဝါသည် အများပြည်သူ လက်ထဲသို့ ပိုမိုပျံ့နှံ့လာသည်ဟု ဆိုနိုင်သည်။ သို့သော် ကြီးလေကောင်းလေဟုဆိုသည့် Scaling Law ၏ သဘောတရားဖြင့်ကြည့်လျှင် ပါဝါသည် လုပ်ငန်းကြီးများနှင့် အစိုးရများထံသို့ ပိုမိုစုစည်း လာသည်ကိုလည်း တွေ့နိုင်သည်။

ဆိုလိုသည်မှာ ပါဝါပျံ့နှံ့မှုနှင့် ပါဝါဗဟိုချက် စုမှုတို့ အပြိုင်ဖြစ်ပေါ်လာသည့် ဝိရောဓိကာလ တစ်ခုဖြစ်သည်။ ထို့ကြောင့် ထိန်းချုပ်နိုင်စွမ်းမှာ ပိုမိုခက်ခဲလာပြီး အေအိုင် အချုပ်အခြာအာဏာနှင့် သက်ဆိုင်သည့်ပြဿနာများလည်း ပေါ်ပေါက်လာ သည်။ စည်းမျဉ်းဥပဒေများဘက်မှ ထိန်းချုပ်ရန် ကြိုးပမ်းမှုများကိုလည်း တဖြည်းဖြည်း မြင်တွေ့ လာရသည်။ ထို့ကြောင့် ကျွန်တော်က အဆိုပါ ပဉ္စမလှိုင်းကို ၂၀၂၄ ခုနှစ်ဝန်းကျင်တွင် စတင်ခဲ့ သည်ဟုယူဆပြီး 'ဂျင်နရေးတစ် အေအိုင်လှိုင်း' ဟု အမည်ပေးလိုသည်။

လက်ရှိအချိန်တွင် အေအိုင်အတွင်း လူများက အေအိုင်နည်းပညာနှင့်ပတ်သက်၍ ဘယ်လိုစဉ်းစားကြပါသလဲ။ ၂၀၂၄ ခုနှစ်ထုတ် AI First စာအုပ်ထဲတွင် စာရေးသူနှစ်ယောက်ဖြစ်သည့် အဒမ်ဘရော့မန်းနှင့် အန်ဒီဆက်ခ်တို့ အိုင်းပင်း အေအိုင် စီအီးအို ဆမ်အော့ထ်မန်းနှင့် တွေ့ဆုံစကား ပြောခဲ့သည့်အကြောင်းရေးထားသည်ကို တစ်ဆင့် ပြန်လည်ဖောက်သည်ချလိုပါသည်။ မိတ်ဆက် ရလျှင် ဘရော့မန်းသည် လက်ရှိစတားဘက်ခ် ကော်ဖီဆိုင်များ၏ ဒစ်ဂျစ်တယ်အမှုဆောင်ချုပ်။ ဆက်ခ်သည် အမေဇုန်၏ ဒုဥက္ကဋ္ဌဟောင်းဖြစ်ပြီး အေအိုင်ဖြင့်မောင်းနှင်သည့် လုပ်ငန်းလည်ပတ်မှုကို အကြံဉာဏ်များပေးခဲ့သူ။ ထို့ပြင် အေအိုင်လောက အတွင်း၌သာ အသုံးများသော 'အေအိုင် ပထမ' ဆိုသည့်သဘောတရားကို အများပြည်သူနှင့် မိတ်ဆက်ပေးခဲ့ကြသူများဖြစ်သည်။ သူတို့သည် ဆမ်အော့ထ်မန်းကို လက်ရှိ သူတို့ဦးဆောင်နေ သည့် စတားဘက်ခ်လုပ်ငန်းအတွက် နည်းပညာ အကြံဉာဏ်တောင်းခံဖို့လာကြခြင်း ဖြစ်သည်။ သို့သော် အော့ထ်မန်း၏အဖြေက သူတို့ကိုထိတ်လန့် သွားစေခဲ့သည်။

"ကျွန်တော်တို့ ကြားလိုက်ရတဲ့စကားကို မျှော်လင့်မထားမိဘူး။ 'အေဂျီအိုင် ဟုတ်လား'လို့ ပြန်မေးမိလိုက်တယ်။ အေဂျီအိုင်ဆိုတာ အထွေထွေ ဉာဏ်ရည်တုဆိုတာ ကျွန်တော်တို့သိပါတယ်။ ယေဘုယျပြောရရင် သူတို့ဘာသာသူတို့ စဉ်းစား နိုင်စွမ်းရှိတဲ့ အေအိုင်မိုဒယ်လ်တွေလို့ နားလည်ထား ပြီးသားပါ။ တာမင်နေတာ ရုပ်ရှင်တွေထဲကလူလို လုပ်ကိုင်လှုပ်ရှားနိုင်တဲ့ စက်ရုပ်တွေလိုမျိုးပေါ့။ သူက အေဂျီအိုင်ဆိုတဲ့စကားလုံးကို ကျွန်တော်တို့ သိပြီးသားပုံစံမျိုး ပေါ့ပေါ့ပါးပါးပဲ ပြောသွားတာ။ တကယ်တမ်းက အေဂျီအိုင်အကြောင်း အဲဒီလောက် လေ့လာထားတာမဟုတ်ဘူး။ ဒါနဲ့ပဲ 'ခင်ဗျား အေဂျီအိုင်လို့ပြောလိုက်တာ ဘာအဓိပ္ပာယ်လဲ'လို့ သူ့ကိုပဲ ပြန်မေးလိုက်မိတယ်။ ဒီဂြိုဟ်ပေါ်က အရေးကြီးဆုံး အေအိုင်ခေါင်းဆောင်တစ်ယောက်ကို ဒီလောက်တုံးတဲ့မေးခွန်းမျိုး မေးရသလားဆိုတဲ့ပုံစံ မျိုး သူက ကျွန်တော်တို့ကို ဝေ့ကြည့်လိုက်တယ်။ ဒါပေမဲ့ ခဏရပ်ပြီး စဉ်းစားပြီးတဲ့နောက်မှာတော့ 'မေးခွန်းက ကောင်းပါတယ်။ အေအိုင်က ဝတ္ထုတွေ ထဲကလို သိပ္ပံပညာထိုးဖောက်အောင်မြင်မှုမျိုးတွေ သူ့ဘာသာသူလုပ်နိုင်တော့မှပဲ ကျွန်တော် အဲဒီ အကြောင်းကို ပြောတော့မယ်'လို့ ဆက်ပြောလိုက် တယ်"ဟု ရေးထားသည်။

ဘရော့ခ်မန်းနှင့် ဆက်ခ်တို့မမှားပါ။ အေဂျီအိုင်၊ အထွေထွေဉာဏ်ရည်၊ စူပါဉာဏ်ရည်၊ အမှတ်ထူး၊ ခေတ်သစ် ကျူနင် စမ်းသပ်မှုဆိုသည့် စကားလုံး များသည် အိပ်မက်သာသာပင် ရှိသေးသည်မဟုတ် ပါလား။ သို့သော် အော့ထ်မန်းလို လူတစ်ယောက်က စတားဘက်ခ်လုပ်ငန်းအတွက် အနာဂတ်နည်းပညာ အကြံပြုရာတွင် အေဂျီအိုင်ဟု ပြောလိုက်ခြင်းမှာ ဆန်းသည်။ ထိုအနေအထားကို အမှတ်ထူးဟု နာမည်ပေးထားသော စာရေးဆရာ ရေးကာ့ဇ်ဝဲလ် ကတော့ ၂၀၂၄ ခုနှစ်တွင် အမှတ်ထူးပိုနီးလာပြီ (The Singularity Is Nearer)ဆိုသည့် စာအုပ်ကို ထပ်ရေးခဲ့သည်။ တကယ်နီးနေပြီလား။ နီးနေပြီ ဆိုလျှင် ကျွန်တော်တို့ကြုံဖူးသမျှ အကြီးဆုံး နည်းပညာလှိုင်းနှင့် ကြုံရတော့မည်ဆိုသည့် အဓိပ္ပာယ်ဖြစ်သည်။

## အာတီမစ္စ-၂ ကမ္ဘာထက် လနှင့် ပိုနီးသွားပြီ



ရာစုနှစ်ဝက်ကို တော်တော်လေးကျော်ပြီးမှ တစ်ကျော့ပြန် သက်ဝင်လှုပ်ရှားလာသော လပေါ်သို့ ခြေချရေးစီမံကိန်း၏ အဓိကအကျဆုံး အဆင့်တစ်ခု ဖြစ်သည့် အာတီမစ္စ-၂ သည် ဧပြီ ၁ ရက်တွင် ကမ္ဘာမြေမှ စတင်ထွက်ခွာခဲ့ပြီးနောက် ဧပြီ ၄ ရက် တွင် ခရီးတစ်ဝက်ကျော်ရောက်ရှိနေပြီဖြစ်ပြီး ကမ္ဘာထက် လနှင့်ပိုနီးနေပြီဟု နာဆာက လူမှု ကွန်ရက်အိက်စ်တွင် ရေးသားထားသည်။

"လကို အခု ပြတင်းပေါက်ကနေ လှမ်းမြင်နေ ရတယ်။ တကယ်လှတဲ့မြင်ကွင်းပဲ"ဟု အာကာသ ယာဉ်မှူးတစ်ဦးက လှမ်းပြောကြောင်းလည်း နာဆာ က စနေနေ့ နံနက်ပိုင်းတွင် ရေးထားသည်။ မည်သူပြောသလဲဆိုသည်ကိုတော့ ဖော်ပြမထား ပေ။

အာတီမစ္စ-၂ ခရီးစဉ်တွင် နာဆာ၏ အိုရိုင်ယွန် အာကာသယာဉ်ပေါ်၌ အာကာသယာဉ်မှူးလေးဦး ပါသွားသည်။ သူတို့အဖွဲ့သည် လပေါ်ကိုခြေချမည့်သူ များမဟုတ်သေးဘဲ လကို ၁၀ ရက်ကြာ ပတ်ပျံပြီး နောက် ကမ္ဘာသို့ ပြန်လာကြမည်ဖြစ်သည်။ လောလောဆယ်တွင် ဧပြီ ၂ ရက်က နာဆာ၏ ဒေါ်လာ ၂၃ သန်းတန် တိုက်တေနီယံအိမ်သာထဲတွင် ညှော်နံ့ထွက်နေသည်ဆိုသည့် အစီရင်ခံမှုမှလွဲ၍ မည်သည့်အန္တရာယ်မျိုးမှ မတွေ့ရကြောင်းလည်း နာဆာက ထုတ်ပြန်ထားသည်။

ယခုကဲ့သို့ လကိုပတ်ပျံပြီး ကမ္ဘာပေါ်သို့ အဆင် ပြေပြေပြန်ရောက်လာလျှင် လာမည့် အာတီမစ္စ-၃ ခရီးစဉ်မှ အာကာသယာဉ်မှူးများသည် လပေါ်သို့ ခြေချနိုင်မည်ဟု ခန့်မှန်းထားကြသည်။ လက်ရှိ အချိန်အထိ အာတီမစ္စ-၃ ကို ၂၀၂၈ ခုနှစ်တွင် လွှတ်တင်ရန် စီစဉ်ထားသည်။

Ref: The Guardian

# ပါကစ္စတန်အနေဖြင့် ပဋိပက္ခများလျှော့ချရေးအတွက် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မည်



အစ္စလာမာဘတ် မေ ၅

ပါကစ္စတန်အနေဖြင့် အရှေ့အလယ်ပိုင်းဒေသတွင်း ပဋိပက္ခများ လျှော့ချရေးအတွက် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး အက်ဟက်ဒါးက ပြောကြားခဲ့သည်ဟု ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးရုံးထုတ်ပြန်ချက်အရ သိရသည်။

အီရန်၊ အီဂျစ်နှင့် ဘာရိန်းနိုင်ငံများမှ တာဝန်ရှိသူများနှင့် ဖုန်းဖြင့် ဆွေးနွေးစဉ်အတွင်း ၎င်းက ယခုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ဒေသတွင်း အခြေအနေများနှင့်ပတ်သက်၍ အီရန်နိုင်ငံခြားရေးဝန်ကြီး အဗတ်အေရာချီနှင့် အမြင်ချင်းဖလှယ်ဆွေးနွေးရာတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်မည်ဟု အက်ဟက်ဒါးက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံကလည်း ပါကစ္စတန်၏ အရှေ့အလယ်ပိုင်း အေးချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြုကြောင်း မကြာခင်ကပြောကြားခဲ့သည်။

ကိုးကား -ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

# အမေရိကန်အစိုးရက ကာကွယ်ရေးအသုံးစရိတ်ကို ၄၀ ရာခိုင်နှုန်းကျော်တိုးမြှင့်ရန် ကြိုးပမ်း




ဝါရှင်တန် မေ ၅

အမေရိကန်သမ္မတ ဒေါ်နယ် ထရမ့်အစိုးရအဖွဲ့က အောက်တိုဘာလတွင် စတင်မည့် ဘဏ္ဍာရေးနှစ်အတွက် ကာကွယ်ရေး အသုံးစရိတ်ကို ၄၀ ရာခိုင်နှုန်းကျော် တိုးမြှင့်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

စီမံခန့်ခွဲမှုနှင့် ဘတ်ဂျက်ရုံးက ၂၀၂၇ ဘဏ္ဍာနှစ်အတွက် ဘတ်ဂျက်အဆိုပြုချက်၏ အကြမ်းဖျင်း ဖော်ပြချက်ကို မေ ၃ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ၎င်းတွင် စုစုပေါင်း ကာကွယ်ရေးအသုံးစရိတ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ထရီလီယံပါဝင်ကြောင်း သိရသည်။

၎င်းသည် နိုင်ငံ၏သမိုင်းတွင် အကြီးမားဆုံး ကာကွယ်ရေး အသုံးစရိတ်ဖြစ်လာမည်ဟု အမေရိကန်မီဒီယာများက သတင်းဖော်ပြသည်။

သမ္မတထရမ့် ထောက်ခံအားပေးသည့် "တပ်မတော်အင်အားဖြင့် ငြိမ်းချမ်းရေးဖော်ဆောင်ခြင်း" မူဝါဒကို မြှင့်တင်ရန်နှင့် အမေရိကန်သည် "ကမ္ဘာ့အာဏာအရှိဆုံးနှင့် စွမ်းရည်အရှိဆုံးတပ်မတော်ကို ဆက်လက်ထိန်းသိမ်းထားရန် အတွက် ယခုကဲ့သို့ ကာကွယ်ရေးအသုံးစရိတ်ကို မြှင့်တင်ခြင်းဖြစ်ကြောင်း ထရမ့်အစိုးရက ပြောကြားခဲ့သည်။

ထို့ပြင် မျိုးဆက်သစ်ဒုံးကျည်ကာကွယ်ရေးစနစ် (Golden Dome) အတွက် အသုံးစရိတ်နှင့် Trump-class စစ်သင်္ဘောများ တည်ဆောက်ရေးအတွက်လည်း ပါဝင်ကြောင်း သိရသည်။

ကွန်ဂရက်က အတည်ပြုပါက ဒုတိယကမ္ဘာစစ် နောက်ပိုင်း ပထမဆုံး အမေရိကန်စစ်သင်္ဘောတည်ဆောက်မှု လုပ်ငန်းစဉ်တစ်ခု ဖြစ်လာမည်ဖြစ်သည်။

အဆိုပါ ကာကွယ်ရေးစရိတ်တောင်းခံမှုကို ကွန်ဂရက်သို့ တင်ပြမည်ဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးညှိနှိုင်းမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# လစ်ဗျားပိုင်နက် ရေပြင်အတွင်း၌ ၁၀၅ ဦး တင်ဆောင်လာသော သင်္ဘောတစ်စင်း နစ်မြုပ်

ထရီပိုလီ မေ ၅

လစ်ဗျားပိုင်နက် ရေပြင်အတွင်း၌ ၁၀၅ ဦး တင်ဆောင်လာသော သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ရာ နှစ်ဦးသေဆုံးပြီး ၁၀၀ ကျော် ပျောက်ဆုံးလျက်ရှိကြောင်း Mediterranea Saving Humans ကယ်ဆယ်ရေးအဖွဲ့က ယမန်နေ့တွင် ပြောကြားခဲ့သည်။

အဆိုပါ သင်္ဘောသည် လစ်ဗျားနိုင်ငံ အနောက်မြောက်ပိုင်းရှိ Tajoura မှ ရွက်လွှင့်လာခဲ့ကြောင်း ကယ်ဆယ်ရေးအဖွဲ့က ပြောကြားခဲ့သည်။ သင်္ဘောသည် မေ ၄ ရက် မွန်းလွဲပိုင်းတွင် မြေထဲပင်လယ်ရှိ လစ်ဗျားကမ်းရိုးတန်းမြောက်ဘက် Bouri ကမ်းလွန်ရေနံမြေ၏ အရှေ့မြောက်ဘက် ရေမိုင် ၁၄ မိုင်အကွာတွင် နစ်မြုပ်ခဲ့ကြောင်း သိရသည်။

ကုန်သည်သင်္ဘောနှစ်စင်းက ကယ်ဆယ်ရေးလုပ်ငန်းမှာ ပါဝင်ခဲ့ပြီး အသက်ရှင်ကျန်ရစ်သူ ၃၂ ဦးနှင့် ရုပ်အလောင်းနှစ်လောင်းကို ဆယ်ယူပေးခဲ့သည်။ အသက်ရှင်ကျန်ရစ်သူများနှင့် ရုပ်အလောင်းများကို အီတလီနိုင်ငံတောင်ပိုင်း Lampedusa ကျွန်းသို့ မေ ၅ ရက် နံနက်ပိုင်းက ပို့ဆောင်ခဲ့ပြီး ကျန်အချို့မှာ ပင်လယ်ပြင်တွင် ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်

# အာဖဂန်နစ္စတန်နိုင်ငံက အာရှအလယ်ပိုင်း နိုင်ငံများနှင့် ကုန်သွယ်မှုပမာဏ တိုးမြှင့်လာ

ကဘူး မေ ၅

အာဖဂန်နစ္စတန်နိုင်ငံက အာရှအလယ်ပိုင်းနိုင်ငံများနှင့် ကုန်သွယ်မှုပမာဏ တိုးမြှင့်လာခဲ့ပြီး ယခင်နှစ်များနှင့် နှိုင်းယှဉ်ပါက ၂၀၂၅ ခုနှစ်တွင် ၄၃ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါတိုးတက်မှုသည် အာဖဂန်နစ္စတန်၏ ဒေသတွင်း စီးပွားရေး မိတ်ဖက်များ ခိုင်မာစေရေးအတွက် ဆက်လက်ကတိကဝတ်ပြုမှုကို ပြသပြီး ဗဟိုအာရှနိုင်ငံများသည် အာဖဂန်နစ္စတန်အတွက် အဓိက မိတ်ဖက်များအဖြစ် ဆက်လက်ရပ်တည်လျက်ရှိကြောင်း ဝန်ကြီးဌာနက အလေးပေးပြောကြားခဲ့သည်။

ကုန်သွယ်ရေးတွင် သိသာထင်ရှားသော တိုးတက်ကောင်းမွန်လာမှုသည် ဒေသတွင်းကုန်သွယ်မှုအတွက် အာဖဂန်နစ္စတန်၏ ရပ်တည်မှုကို အားဖြည့်ပေးသည့် အပြုသဘောဆောင်သော ခြေလှမ်းတစ်ရပ်အဖြစ် တာဝန်ရှိသူများက ရှုမြင်ကြပြီး ပိုမိုတည်ငြိမ်မှုနှင့် အပြန်အလှန်စီးပွားရေးအကျိုးအမြတ်များကို ပံ့ပိုးပေးမည်ဟု မျှော်လင့်ရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်

# မီတာကုမ္ပဏီက မက်ဆင်ဂျာ အက်ပလီကေးရှင်းကို ရပ်ဆိုင်းမည်

ဟန္နိုင်း မေ ၅

ဖေ့စ်ဘွတ်၏ ပင်ရင်းလုပ်ငန်းဖြစ်သည့် မီတာသည် ဖေ့စ်ဘွတ်တွင် သတင်းစကားများ ပေးပို့ဆက်သွယ်နိုင်သည့် ဒက်စတော့စ် ကွန်ပျူတာသုံး မက်ဆင်ဂျာအက်ပလီကေးရှင်းကို မေ ၁၆ ရက်မှစတင်၍ ပိတ်ပင်မည်ဖြစ်ကြောင်း သိရသည်။

ယခုဆောင်ရွက်မည့် အစီအစဉ်အရ လူမှုမီဒီယာသုံးစွဲသူများသည် ဒက်စတော့စ် ကွန်ပျူတာသုံးမက်ဆင်ဂျာ အက်ပလီကေးရှင်းကို ဆက်လက်သုံးစွဲလိုပါက ဖေ့စ်ဘွတ်အကောင့် ထပ်မံဖွင့်လှစ်ရန်မလိုဘဲ သုံးစွဲနိုင်ကြောင်း သိရသည်။ ဖေ့စ်ဘွတ်အပလီကေးရှင်းနှင့် မက်ဆင်ဂျာအက်ပလီကေးရှင်းကို သီးခြားစီခွဲ၍ ရပ်တည်ရန် ဖေ့စ်ဘွတ်က ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

မက်ဆင်ဂျာအက်ပလီကေးရှင်းကို ၂၀၀၈ ခုနှစ်တွင် Facebook Chat အဖြစ် စတင်မိတ်ဆက်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် အများကြိုက်သော အက်ပလီကေးရှင်းတစ်ခု ဖြစ်လာခဲ့သည်။

၂၀၁၄ ခုနှစ်တွင် ဖေ့စ်ဘွတ်သည် ၎င်း၏ ပင်မမိုဘိုင်းအက်ပ်မှ စာတိုပေးပို့ခြင်းကို ကန့်သတ်ခဲ့ပြီး သုံးစွဲသူများအား သီးခြားလွတ်လပ်သော မက်ဆင်ဂျာပလပ်ဖောင်း အသုံးပြုရန် ညွှန်ကြားခဲ့သည်။

၂၀၂၃ ခုနှစ်တွင် မီတာသည် မက်ဆင်ဂျာကို ဖေ့စ်ဘွတ်အက်ပ်နှင့် ပြန်လည်ပေါင်းစည်းခဲ့ပြီး နောက်ပိုင်းတွင် ၎င်း၏ သီးခြားဒက်စတော့စ် ဝန်ဆောင်မှုများကို တဖြည်းဖြည်း ရပ်ဆိုင်းခဲ့သည်။

ကိုးကား-VN Express
ဘာသာပြန်-စိုးသူရ

# ပါကစ္စတန်နိုင်ငံ၌ မွေးကင်းစကလေးငယ်များတွင် မျောက်ကျောက်ရောဂါကူးစက်ခံစားနေရ




အစ္စလာမ္မာဘတ် မေ ၅

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခိုင်ပါခရိုင်ရှိမွေးကင်းစကလေးငယ်များတွင် မျောက်ကျောက်ရောဂါ ဖြစ်ပွားနေကြောင်း ဆင်းပြည်နယ်ရှိ ကျန်းမာရေးအာဏာပိုင်များက ယမန်နေ့တွင် အတည်ပြုပြောကြားခဲ့သည်။

ကလေးများသည် ပုံမှန်မဟုတ်သော အရေပြားရောဂါလက္ခဏာများ ခံစားနေရကြောင်း ကျန်းမာရေးဌာနက ပြောကြားခဲ့သည်။

ခာတ်ခွဲ စမ်းသပ်မှုများ လုပ်ဆောင်ခဲ့ပြီးနောက် ၎င်းကလေးငယ်များတွင် ရောဂါပိုး ရှိကြောင်း ကျန်းမာရေးအာဏာပိုင်များက အတည်ပြုခဲ့သည်။

အာဏာပိုင်များက ရောဂါပိုးကူးစက်နိုင်ခြေများကို စစ်ဆေးဖော်ထုတ်နေစဉ် အစိုးရနှင့် ပုဂ္ဂလိကဆေးရုံများ၌ မွေးကင်းစကလေး အထူးကြပ်မတ်ကုသဆောင်များကို ယာယီပိတ်ထားခဲ့သည်။

ရောဂါပိုးကူးစက်ခံရသူများနှင့် ထိတွေ့သူများအား ခြေရာခံခြင်းကို ဆက်လက်လုပ်ဆောင်နေပြီး တင်းကျပ်သော ကူးစက်မှုထိန်းချုပ်ရေး အစီအမံများကို ကျင့်သုံးရန် တာဝန်ရှိသူများက ဆေးရုံများအား ညွှန်ကြားထားသည်။

ရောဂါလက္ခဏာများခံစားရသည့် ကလေးငယ်များ ထပ်မံတွေ့ရှိပါက ဆေးကုသမှုခံယူရန် ကျန်းမာရေးဌာနများသို့ အမြန်ဆုံးပို့ဆောင်ရန် တာဝန်ရှိသူများက ပြည်သူများအား တိုက်တွန်းထားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန်ရည်ရွယ်ပြီး အင်္ဂလိပ်စကားပြောပုံစံများကို လေ့လာနိုင်ရန်အတွက် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

# A Basic Spoken English Course

ယခင်တစ်ပတ်က တွေ့ဆုံနှုတ်ဆက်ခြင်း၊ ခွဲခွာခြင်းနှင့်သက်ဆိုင်တဲ့ စကားပြောပုံစံများကို ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာ မိမိကိုယ်ကို မိတ်ဆက်ခြင်းအကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။

## Lesson 2: Introducing Yourself




မိမိကိုယ်ကို မိတ်ဆက်တဲ့အခါမှာ အောက်ပါအချက်အလက်များကို ပြောပြရန် လိုအပ်ပါတယ်။

### Key Vocabulary & Phrases

1. **Full Name** (နာမည်အပြည့်အစုံ)
2. **Age** (အသက်)
3. **Country/City** (နိုင်ငံ/မြို့)
4. **Occupation/Studies** (အလုပ်/သင်တန်း/ ကျောင်း)
5. **Nationality** (လူမျိုး)
6. **Hobbies & Interests** (ဝါသနာ /စိတ်ဝင်စားမှု)
7. **Favorite Things** (အကြိုက်ဆုံးအရာများ)
8. **Family Members** (မိသားစုဝင်များ)
9. **Current Life Situation** (လက်ရှိပတ်ဝန်းကျင်အခြေအနေ)
10. **Personal Achievements** (ပုဂ္ဂိုလ်ရေးအောင်မြင်မှုများ)
11. **Future Plans/Goals** (အနာဂတ်အစီအစဉ်)

### 1. Full Name

မိမိကိုယ်ကို စတင်မိတ်ဆက်တော့မယ်ဆိုရင် ကိုယ့်ရဲ့နာမည်အပြည့်အစုံကို ပြောရမှာဖြစ်ပါတယ်။ ပြီးမှ ရင်းရင်းနှီးနှီးခေါ်ဆိုနိုင်တဲ့ နာမည်ကို ပြောပြပါ။

**Example:**

- My full name is Aung Chan Thar. (နာမည်အပြည့်အစုံကတော့ အောင်ချမ်းသာ ဖြစ်ပါတယ်။)
- You can call me Chan Thar. (ကျွန်တော့်ကိုချမ်းသာလို့ ခေါ်နိုင်ပါတယ်။)
- I am called Chan Thar. (ချမ်းသာလို့ ခေါ်ကြပါတယ်။)

### 2. Age
အသက်ကို ပြောချင်ရင်

**Example:**

- I am 22 years old. (ကျွန်တော့်အသက် ၂၂ နှစ်ပါ။)
- I'm 30 years old. (ကျွန်တော့်အသက် ၃၀ နှစ်ပါ။)
- I am 20. (ကျွန်တော့်အသက် ၂၀ နှစ်ပါ။)
- I am about 30. (ကျွန်တော့်အသက် ၃၀ နှစ်ပါ။)
- I am in my twenties. (ကျွန်တော့်အသက် ၂၀ ကျော်ပါ။)
- I am in my early thirties. (ကျွန်တော့်အသက် ၃၀ ကျော်ပါ။ ၃၁ နှစ် ၃၂ နှစ်လောက်)

### 3. Country/City
ဘယ်နေရာမှာ နေထိုင်တာလဲ၊ ကိုယ့်ရဲ့ အမိနိုင်ငံကို ပြောချင်ရင်

- I am from Myanmar. (ကျွန်တော် မြန်မာနိုင်ငံမှ ဖြစ်ပါတယ်။)
- I live in Yangon. (ကျွန်တော် ရန်ကုန်မှာနေထိုင်ပါတယ်။)

### 4. Occupation/Studies
အလုပ်အကိုင်နဲ့ ကိုယ့်ရဲ့ ပညာဆည်းပူးတဲ့အခြေအနေကို ပြောချင်ရင်

(1) Using "I am a/an …"

- I am a teacher. — ကျွန်တော် ဆရာတစ်ယောက်ဖြစ်ပါတယ်။
- I am a doctor. — ကျွန်တော် ဆရာဝန်တစ်ယောက်ဖြစ်ပါတယ်။
- I am an engineer. — ကျွန်တော် အင်ဂျင်နီယာတစ်ယောက် ဖြစ်ပါတယ်။
- I am a shop assistant. — ကျွန်တော် ဆိုင်အကူဝန်ထမ်းတစ်ယောက်ဖြစ်ပါတယ်။

(2) Using "I work as …"

- I work as a teacher. — ကျွန်တော် ဆရာအဖြစ် အလုပ်လုပ်ပါတယ်။
- I work as a nurse. — ကျွန်တော် သူနာပြုအဖြစ် အလုပ်လုပ်ပါတယ်။
- I work as a driver. — ကျွန်တော် ယာဉ်မောင်းအဖြစ် အလုပ်လုပ်ပါတယ်။
- I work as a programmer. — ကျွန်တော် ပရိုဂရမ်မာအဖြစ် အလုပ်လုပ်ပါတယ်။

(3) Using "I work in …"

- I work in a bank. — ကျွန်တော် ဘဏ်မှာ အလုပ်လုပ်ပါတယ်။
- I work in a hospital. — ကျွန်တော် ဆေးရုံမှာ အလုပ်လုပ်ပါတယ်။
- I work in a school. — ကျွန်တော် ကျောင်းမှာ အလုပ်လုပ်ပါတယ်။
- I work in a company. — ကျွန်တော် ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်ပါတယ်။

(4) Using "My job is …"

- My job is teaching. — ကျွန်တော့်အလုပ်က စာသင်ကြားပေးခြင်းဖြစ်ပါတယ်။
- My job is designing buildings. — ကျွန်တော့်အလုပ်က အဆောက်အအုံများကို ဒီဇိုင်းရေးဆွဲခြင်းဖြစ်ပါတယ်။
- My job is fixing computers. — ကျွန်တော့်အလုပ်က ကွန်ပျူတာများကို ပြုပြင်ခြင်းဖြစ်ပါတယ်။

(5) Talking about studies

- I am a student. — ကျွန်တော် ကျောင်းသားတစ်ယောက် ဖြစ်ပါတယ်။
- I study at Mandalay University. — ကျွန်တော် မန္တလေးတက္ကသိုလ်မှာ ပညာသင်ယူနေပါတယ်။
- I study English at Dagon University. — ကျွန်တော် ဒဂုံတက္ကသိုလ်မှာ အင်္ဂလိပ်ဘာသာကို လေ့လာနေပါတယ်။
- I study Computer Science. — ကျွန်တော် ကွန်ပျူတာသိပ္ပံဘာသာကို လေ့လာနေပါတယ်။
- I am studying Medicine. — ကျွန်တော် ဆေးပညာကို သင်ယူနေပါတယ်။

(6) Talking about level of study

- I am in primary school. — ကျွန်တော် မူလတန်းကျောင်းမှာ သင်နေပါတယ်။
- I am in high school. — ကျွန်တော် အထက်တန်းကျောင်းမှာ သင်နေပါတယ်။
- I am in university. — ကျွန်တော် တက္ကသိုလ်မှာ သင်နေပါတယ်။
- I am in Grade 10. — ကျွန်တော် ၁၀ တန်းမှာ သင်နေပါတယ်။

Example introductions

- I'm Ko Lin. I am a teacher. — ကျွန်တော် ကိုလင်းပါ။ ကျွန်တော် ဆရာတစ်ယောက်ဖြစ်ပါတယ်။
- I'm Aung Aung. I work in a bank. — ကျွန်တော် အောင်အောင်ပါ။ ကျွန်တော် ဘဏ်မှာ အလုပ်လုပ်ပါတယ်။
- I'm Su Su. I am a university student. — ကျွန်မ ဆုဆုပါ။ ကျွန်မတက္ကသိုလ်ကျောင်းသူတစ်ယောက်ဖြစ်ပါတယ်။

### 5.Nationality (လူမျိုး)
ဘယ်နိုင်ငံမှ လာတာလဲ၊ ဘာလူမျိုးလဲဆိုတာ ပြောချင်ရင်

Using "I am + nationality."

- I am Myanmar. / My nationality is Myanmar. (ကျွန်တော် မြန်မာလူမျိုးပါ။)
- I am Thai. / My nationality is Thai. (ကျွန်တော် ထိုင်းလူမျိုးပါ။)
- I am Chinese. / My nationality is Chinese. (ကျွန်တော် တရုတ်လူမျိုးပါ။)
- I am Japanese. (ကျွန်တော် ဂျပန်လူမျိုးပါ။)
- I am American. (ကျွန်တော် အမေရိကန်နိုင်ငံသားပါ။)

2. Using "I am from + country." / "I come from …"

- I am from Myanmar. / I come from Myanmar. (ကျွန်တော် မြန်မာနိုင်ငံမှ ဖြစ်ပါတယ်။)
- I am from Thailand. / I come from Thailand. (ကျွန်တော် ထိုင်းနိုင်ငံမှ ဖြစ်ပါတယ်။)
- I am from China. / I come from China. (ကျွန်တော် တရုတ်နိုင်ငံမှ ဖြစ်ပါတယ်။)
- I am from Japan. (ကျွန်တော် ဂျပန်နိုင်ငံမှ ဖြစ်ပါတယ်။)
- I am from the USA. (ကျွန်တော် အမေရိကန်နိုင်ငံမှ ဖြစ်ပါတယ်။)

3. Using "I was born in …"

- I was born in Myanmar. (ကျွန်တော့်ကို မြန်မာနိုင်ငံမှာ မွေးဖွားပါတယ်။)
- I was born in Thailand. (ကျွန်တော့်ကို ထိုင်းနိုင်ငံမှာ မွေးဖွားပါတယ်။)
- I was born in Japan. (ကျွန်တော့်ကို ဂျပန်နိုင်ငံမှာ မွေးဖွားပါတယ်။)

Simple examples

- I am Myanmar. I am from Myanmar. (ကျွန်တော်က မြန်မာလူမျိုးပါ။ မြန်မာနိုင်ငံမှ လာပါတယ်။)
- She is Thai. She comes from Thailand. (သူက ထိုင်းလူမျိုးပါ။ ထိုင်းနိုင်ငံမှ လာပါတယ်။)
- He is Japanese. He was born in Japan. (သူက ဂျပန်လူမျိုးပါ။ ဂျပန်နိုင်ငံမှာ မွေးဖွားပါတယ်။)

### 6. Hobbies & Interests
ဝါသနာနဲ့ စိတ်ဝင်စားမှုတွေကို ပြောရင်

(1) Using "My hobby is …"

- My hobby is reading. — ကျွန်တော့်ဝါသနာက စာဖတ်ခြင်းဖြစ်ပါတယ်။
- My hobby is drawing. — ကျွန်တော့်ဝါသနာက ပုံဆွဲခြင်းဖြစ်ပါတယ်။
- My hobby is playing football. — ကျွန်တော့်ဝါသနာက ဘောလုံးကစားခြင်းဖြစ်ပါတယ်။

(2) Using "My hobbies are …"

- My hobbies are reading and writing. — ကျွန်တော့်ဝါသနာတွေက စာဖတ်ခြင်းနဲ့ စာရေးခြင်းဖြစ်ပါတယ်။
- My hobbies are swimming and cycling. — ကျွန်တော့်ဝါသနာတွေက ရေကူးခြင်းနဲ့ စက်ဘီးစီးခြင်းဖြစ်ပါတယ်။
- My hobbies are singing and dancing. — ကျွန်တော့်ဝါသနာတွေက သီချင်းဆိုခြင်းနဲ့ ကခုန်ခြင်းဖြစ်ပါတယ်။

(3) Using "I like …"

- I like reading books. — ကျွန်တော် စာဖတ်ရတာကို ကြိုက်ပါတယ်။
